မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ တန်ခူးလဆန်း ၆ ရက်၊ ၂၀၀၈ခုနှစ်၊ ဧပြီ ၁၁ ရက်၊ သောကြာနေ့၊ အတွဲ (၄၇)၊ အမှတ်(၁၉၄)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

■ အခြေခံဥပဒေ အတည်ပြုရေးသည် ယနေ့ပြည်သူအားလုံး၏ အမျိုးသားရေးတာဝန်ဖြစ်သည်။ အမျိုးသားရေးအကျိုး လိုလားသူတိုင်း ထောက်ခံမဲပေးကြစို့။

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်တိုးနှင့်အဖွဲ့ဝင်များ နေပြည်တော်ပျဉ်းမနား ဇေယျာသိဒ္ဓိရပ်ကွက် မဲရုံအမှတ်(၁)၌ ဆန္ဒမဲပေးမှု သရုပ်ပြခြင်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပသည့်နေရာတိုင်းတွင် မဲဆန္ဒရှင်အားလုံး မဲပေးနိုင်အောင်စီစဉ် အကြောင်းကြောင်းကြောင့် ရပ်ဝေးသို့သွားရောက်ကြမည့် မဲဆန္ဒရှင်များအား ကြိုတင်မဲပေးနိုင်ရန် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ စီစဉ်ဆောင်ရွက်ပေးကြရန်လိုအပ်

နေပြည်တော် ဧပြီ ၁၀

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင်နှင့်နေပြည်တော်၊ ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းတို့မှ ကော်မရှင်အဖွဲ့ခွဲဝင်များ၊မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များ၊ ရပ်ကွက် / ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲဝင်များ တွေ့ဆုံပွဲအခမ်းအနားများကို ယနေ့နံနက်ပိုင်းတွင် သက်ဆိုင်ရာ ပြည်နယ်၊ တိုင်းအသီးသီးတို့၌ ကျင်းပကြသည်။

အမှာစကားပြောကြား

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင်နှင့် နေပြည်တော်ပျဉ်းမနားခရိုင် ကော်မရှင်အဖွဲ့ခွဲ၊ နေပြည်တော်ပျဉ်းမနားခရိုင်အတွင်းရှိ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ၊ ရပ်ကွက်/ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများ တွေ့ဆုံပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပရာ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်တိုး တက်ရောက်၍ အမှာစကား ပြောကြားသည်။

တက်ရောက်

အဆိုပါတွေ့ဆုံပွဲအခမ်းအနားသို့ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင် အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ နေပြည်တော်ပျဉ်းမနားခရိုင်ကော်မရှင်အဖွဲ့ခွဲဝင်များ၊ နေပြည်တော်ပျဉ်းမနား၊ နေပြည်တော်တပ်ကုန်း၊ နေပြည်တော်လယ်ဝေးမြို့နယ် ကော်မရှင်အဖွဲ့ခွဲဝင်များ၊ ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲဝင်များ၊ မဲရုံမှူးများနှင့် မဲရုံအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှင်းလင်းဆွေးနွေး

ရှေးဦးစွာ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်တိုးက အဖွင့်အမှာစကား ပြောကြားရာ၌ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပသည့်နေရာတိုင်းတွင် မဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင်အားလုံး မဲပေးနိုင်အောင် စီစဉ်ဆောင်ရွက်ကြရန်လိုကြောင်း၊ မဲပေးပိုင်ခွင့်ရှိသူများအနက် အကြောင်းကြောင်းကြောင့် ရပ်ဝေးသို့ သွားရောက်ကြမည့် မဲဆန္ဒရှင်များအား ကြိုတင်ဆန္ဒမဲပေးနိုင်ရန် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စီစဉ်ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ မဲဆန္ဒရှင်များ လာရောက်မဲပေးသည့်အခါ လွယ်လွယ်ကူကူဖြင့် စိတ်ချမ်းမြေ့စွာ မဲပေးနိုင်ရေးအတွက် ကော်မရှင်အဆင့်ဆင့်တို့၌ တာဝန်ရှိကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းစာအုပ်များ၊ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေ၊ နည်းဥပဒေစာအုပ်များ၊

ကျော်ဖုံးသို့

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်

11-4 (01).pmd 1 4/11/2008, 3:39 AM

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၈ ခုနှစ် ဧပြီ ၁၁ ရက်)

ရိုးရာယဉ်ကျေးမှု အစဉ်အလာ ထိန်းသိမ်း နှစ်သစ်အတာရေသဘင် ပျော်ရွှင်စွာဆင်နွှဲ

မြန်မာ့နှစ်သစ်ကူး အတာသင်္ကြန်ပွဲတော်သည် မြန်မာလူမျိုးများ၏ မြတ်နိုးဖွယ်ရာ ယဉ်ကျေးမှုအနှစ်သာရတစ်ရပ် ဖြစ်သည်။ နှစ်ဟောင်းကုန်၍နှစ်သစ်သို့ ကူးပြောင်းသည့် ပွဲတော်လည်းဖြစ်သည်။ မြန်မာလူမျိုးတို့သည် နှစ်ဟောင်းက အညစ်အကြေးများကို ဆေးကြောသည့်အနေဖြင့် နှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်ကို အတာရေစင်ဖြင့်ပက်ဖျန်းကာ သန့်စင်ကြသည်။ ထို့ကြောင့်လည်း အတာသင်္ကြန်ပွဲတော်ကို အမြတ်တနိုးထားကာ စည်ကားသိုက်မြိုက်စွာ ကျင်းပခြင်းဖြစ်သည်။

မြန်မာတို့၏ ရိုးရာအစဉ်အလာ ဆယ့်နှစ်လရာသီပွဲတော်များအနက် သင်္ကြန်ပွဲတော်သည် အစဉ်အလာအကြီးမားဆုံးနှင့် ပျော်ရွှင်စရာအကောင်းဆုံးပွဲတော်တစ်ခုဖြစ်သည်။ သင်္ကြန်ပွဲတော်အတွင်း တစ်ဦးကိုတစ်ဦး အတာရေပက်ဖျန်းကာ တပျော်တပါးဆင်နွှဲကြသည်။ မြန်မာပြည်သူများသာမက နိုင်ငံခြားသားများပင် အတာကူးသည့်သင်္ကြန်ပွဲတွင် အတူတကွ ပျော်ပျော်ပါးပါး ပါဝင်ဆင်နွှဲကြသည်။

ယခင်က ပန်းသပြေဖြင့် ရေပက်ဖျန်းခဲ့ကြသော်လည်း နောက်ပိုင်း၌ ရေပက်ဖျန်းပုံ ကြမ်းတမ်းလာသည်။ မြန်မာလူမျိုးများ၏ ဖြူစင်သည့်မနောက အတာရေပက်ဖျန်းခံရသည်ကိုပင် ကြည်နူးတတ်ကြသည်။ တစ်ဦးနှင့်တစ်ဦး အပြစ်မမြင်တတ်ကြပေ။ ယခုအခါ ရေပက်ပုံကြမ်းတမ်းလာ၍ ထိခိုက်အနာတရဖြစ်မှုများ၊ ခိုက်ရန်ဖြစ်ပွားမှုများကြောင့် ပျော်ရွှင်ကြည်နူးမှုများအစား စိတ်အနှောင့်အယှက်များ ဖြစ်ခဲ့ကြရသည်။

ထို့ကြောင့် မဟာသင်္ကြန်ပွဲတော်၏ မွန်မြတ်သည့်ရည်ရွယ်ချက်များ မပျက်ပြားစေရေးအတွက် မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်နှင့် ဖီလာဆန့်ကျင်ပြီး မြန်မာလူမျိုးများ၏အမြင်တွင် မတင့်တယ်သည့်ဝတ်စားဆင်ယင်မှုများ၊ ပြုမူပြောဆိုမှုများ၊ သူတစ်ပါးအား ဒဏ်ရာအနာတရ ရစေပြီး အန္တရာယ်ဖြစ်စေသော ကြမ်းတမ်းသည့်ရေကစားမှုများ၊ ထိပါးနှောင့်ယှက်မှုများ၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို ပျက်ပြားစေပြီး ဆူပူမှုကိုဖြစ်စေနိုင်သည့် လှုံ့ဆော်ဖန်တီးမှုများ မပြုလုပ်မိစေရန် ထိန်းသိမ်းဆောင်ရွက်သွားကြရမည် ဖြစ်သည်။

ထို့ပြင် ရန်ကုန်တိုင်းယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီကလည်း မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ကာလအတွင်း ပျော်ရွှင်စွာရေပက်ကစားကြသူများကို ယာဉ်အန္တရာယ် မဖြစ်ပေါ်စေရေးအတွက် ယာဉ်မောင်းသူများ အလေးထားလိုက်နာရန် သတိပေးနှိုးဆော်ချက်များ ထုတ်ပြန်ထားပြီးဖြစ်သည်။

သို့ဖြစ်ရာ ကြည်နူးချမ်းမြေ့ဖွယ် အတာသင်္ကြန်ပွဲတော်တွင် သရုပ်ပျက်ယဉ်ကျေးမှုနှင့် ကြမ်းတမ်းစွာ ရေပက်ကစားမှုများကို ရှောင်ကြဉ်ပြီး ရိုးရာယဉ်ကျေးမှုအစဉ်အလာကို ထိန်းသိမ်းရင်း နှစ်သစ်အတာရေသဘင်ပွဲကို ပျော်ပျော်ရွှင်ရွှင် ပါဝင်ဆင်နွှဲသွားကြမည်ဟု ယုံကြည်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သမိုင်းဝင်အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော် တောင်ဘက်စောင်းတန်း တည်ဆောက်ရန် ငွေလှူဒါန်း

ရန်ကုန် ဧပြီ ၁၀

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင်အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် မရမ်းကုန်းမြို့နယ် ၇မိုင်ခွဲ သီရိမာလာလမ်း အမှတ်(၅၆)ဒီ-၄နေ ဗိုလ်မှူးကြီးတင်မောင်(ငြိမ်း)အားရည်စူး၍ မိခင်ကြီးဒေါ်ခင်ကြည်အား အမှူးထားပြီး ဦးမင်းလွင်-ဒေါ်စန်းစန်းမြင့်၊ သမီး မစုဝင့်ဖြူ၊ သား မောင်အောင်စစ်နိုင် မိသားစုက အလှူငွေကျပ် ၁၁၀၀၀၀ လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးအုန်းကြိုင်က လက်ခံယူသည်။ **(အောက်ပုံ)**

(က-ပ)

မြဝတီရုပ်မြင်သံကြား

၁၁-၄-၂၀၀၈ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅	၈။	မြန်မာသင်္ကြန်
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	ဆရာတော် ဦးဃောသိက တရားတော် **တဏှာသခ်ီယသုတ်**
၅:၀၀	၄။	မိုးချစ်တပ်မတော်
၅:၁၀	၅။	မြန်မာသင်္ကြန်
၅:၂၀	၆။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၅:၃၀	၇။	အမျိုးသားရေးတေးကဗျာ
၅:၃၅	၈။	အလွမ်းတေးပန်းချီ ချစ်သူဆီ
၅:၄၅	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၁။	နိုင်ငံတကာသတင်း
၆:၂၀	၁၂။	မြန်မာသင်္ကြန်
၆:၂၅	၁၃။	စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၆:၄၅	၁၄။	လျှပ်တစ်ပြက်
၇:၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပျော်ရွှင်ပါစေ** (အပိုင်း-၁၂)
၈:၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	စေညွှန်ရာလမ်းမများ **တက္ကစီမင်းနှင့်နှစ်ဦးကုသိုလ်**
	၂၀။	စိုက်ပျိုးသုတ
	၂၁။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၂။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **စည်းခြားထားသောအချစ်** (အပိုင်း-၂၁)

နယ်စပ်/စည်ပင် ဒုတိယဝန်ကြီးဗိုလ်မှူးကြီးတင်ငွေ မြစ်ကြီးနားမြို့နယ် စည်ပင်သာယာအဖွဲ့ လုပ်ငန်းများစစ်ဆေး

နေပြည်တော် ဧပြီ ၁၀

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေသည် မတ်၃၁ရက်က မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့ရေပေးရေးအတွက် ဖြန့်ဝေပေးနေသော သီတာရေစက်ရုံကိုလည်းကောင်း၊ မြစ်ကြီးနား စည်ပင်သာယာရေးအဖွဲ့ ပျိုးဥယျာဉ်ကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

တက်ရောက်

ထို့နောက် ဒုတိယဝန်ကြီးသည် ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပသော မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ၏ မြို့ပြ/ကျေးလက်စည်ပင်သာယာရေးလုပ်ငန်းများ အဆင့်မြှင့်တင် ဆောင်ရွက်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ပြီး အမှာစကားပြောကြားသည်။

ဆက်လက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာကြသည့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိများက မိမိတို့တာဝန်ယူဆောင်ရွက်ရသော မြို့နယ်များ၏ မြို့ပြ/ကျေးလက် စည်ပင်သာယာရေးလုပ်ငန်းများ၏ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားသည်။

ကြည့်ရှု

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ဝိုင်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သို့ရောက်ရှိပြီး အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့က စည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက ဆွေးနွေးမှာကြားပြီး ဝိုင်းမော်မြို့နယ် စည်ပင်ပျိုးဥယျာဉ်၊ ဗန်းမော်-မြစ်ကြီးနား-ခတ်ချိုလမ်းဆုံနေရာ အောင်မြေ(၂)ကျေးရွာရေစက်ရုံ ရေစက် **(အောက်ပုံ)**တို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်မည်

ရန်ကုန် ဧပြီ ၁၀

ရွှေပြည်သာမြို့နယ် ၆/၁၀ရပ်ကွက် သဲအင်းဂူသာသနာ့ရိပ်သာ နယ်ရိပ်သာအမှတ် (၄) ပဓာနနာယကဆရာတော် ဓမ္မာစရိယ ဘဒ္ဒန္တစန္ဒောဘာသ(စစ်ကိုင်းဆုလာဘ်) ဦးဆောင်မှုဖြင့် အဘိဓမ္မာခုနစ်ကျမ်း မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို ကဆုန်လပြည့်(ဗုဒ္ဓနေ့)မှ ကဆုန်လပြည့်ကျော် ၅ရက် (မေ ၁၉ရက်မှ ၂၄ရက်အထိ) ကျင်းပပူဇော်မည်ဖြစ်ရာ အလှူရှင်များအနေဖြင့် အရဏ်ဆွမ်းအတွက် ငွေကျပ်ငါးသောင်း၊ နေ့ဆွမ်းအတွက် ငွေကျပ်တစ်သိန်းနှုန်းဖြင့် လှူဒါန်းပူဇော်နိုင်ကြောင်း သိရသည်။ (က-ပ)

အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာမဟာသိပ္ပံသို့ ငွေများလှူဒါန်း

ရန်ကုန် ဧပြီ ၁၀

စတင်ဆောက်လုပ်လျက်ရှိသည့် အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာမဟာသိပ္ပံသို့ ပညာဒါနပြုလိုသူ အလှူရှင်များက အလှူငွေများ ဆက်လက်လှူဒါန်းလျက်ရှိရာ ဦးစိုးမိုး၊ ဒေါ်ဝင်းဝင်းနိုင် ၁၉/၂ မျိုးစေ့ဌာနခွဲ ရုံးချုပ် အနောက်ကြို့ကုန်း အင်းစိန်မြို့နယ်က မဟာသိပ္ပံအဆောက်အအုံဆောက်လုပ်ရန်အတွက် အလှူငွေကျပ်တစ်သိန်းကို ဗိုလ်အောင်ကျော်လမ်း အမှတ်(၂၉၅-၂၉၇)ရှိ မဟာသိပ္ပံ၏ အလှူခံဌာနတွင် အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာမဟာသိပ္ပံ ဥက္ကဋ္ဌနှင့် ဒုတိယပါမောက္ခချုပ် (အငြိမ်းစား)သံအမတ်ကြီး ဦးမြသန်းထံ ပေးအပ်လှူဒါန်းရာ ဥက္ကဋ္ဌက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ **(အောက်ပုံ)**

ဆက်သွယ်နိုင်

အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာ မဟာသိပ္ပံ(I.I.A)တွင် အဘိဓမ္မာကျမ်းစာအုပ်များအတွက်သော်လည်းကောင်း၊ မဟာသိပ္ပံအဆောက်အအုံ ဆောက်လုပ်ရန်အတွက်သော်လည်းကောင်း၊ မဟာသိပ္ပံ ဘက်စုံရန်ပုံငွေအတွက်သော်လည်းကောင်း လှူဒါန်းလိုလျှင် ရန်ကုန်မြို့ ဗိုလ်အောင်ကျော်လမ်း အမှတ်၂၉၅-၂၉၇ရှိ သာစုကာရီဓမ္မာရုံ ဖုန်း-၂၅၄၁၀၂ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

✻ ကျောဖုံးမှ

တွေ့ဆုံပွဲအပြီးတွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင်အဖွဲ့ဝင်များနှင့် အဖွဲ့ဝင်များသည် မော်လမြိုင်မြို့နယ် အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်းရှိ စစ်ကဲကုန်းရပ်ကွက် မဲရုံအမှတ်(၁)သို့ သွားရောက်ကြပြီး ဆန္ဒမဲပေးမှုသရုပ်ပြခြင်းကို ကြည့်ရှုစစ်ဆေးကြသည်။

ရှမ်းပြည်နယ် (တောင်ပိုင်း)

ထို့အတူ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင်အဖွဲ့ဝင်များနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ကျေးရွာ၊ အုပ်စုကော်မရှင်အဖွဲ့ခွဲများ၏ တွေ့ဆုံပွဲကို နံနက် ၉နာရီတွင် တောင်ကြီးမြို့ရှိ မြို့တော်ခန်းမ၌ကျင်းပရာ သဘာပတိ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင်အဖွဲ့ဝင် ဦးစိုင်းထွန်းမြက အမှာစကားပြောကြားသည်။

ရှေးဦးစွာ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေး ရှမ်းပြည်နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးခင်မောင်ကြီးက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် သဘာပတိ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင်အဖွဲ့ဝင် ဦးစိုင်းထွန်းမြက နိဂုံးချုပ်အမှာစကားပြောကြားပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။

တွေ့ဆုံပွဲအပြီးတွင် တောင်ကြီးမြို့ ကျောင်းကြီးစုရပ်ကွက် မဲရုံအမှတ်(၁)တွင် ဆန္ဒမဲပေးမှု သရုပ်ပြခြင်းကို ကြည့်ရှုစစ်ဆေးကြသည်။

မန္တလေးတိုင်း

အလားတူ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင်အဖွဲ့ဝင်များနှင့် မန္တလေးတိုင်း ကော်မရှင်အဖွဲ့ခွဲ၏ တွေ့ဆုံပွဲအခမ်းအနားကို နံနက် ၈နာရီတွင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ် (၆၆)လမ်း၊ လမ်း(၂၀)နှင့် (၂၁)လမ်းကြားရှိ အမျိုးသားကဇာတ်ရုံ၌ ကျင်းပရာ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင်အဖွဲ့ဝင် ဦးတင်မောင်က အမှာစကားပြောကြားသည်။

ထို့နောက် မန္တလေးတိုင်း ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးခင်မောင်သန်းက ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင်အဖွဲ့ဝင် ဦးတင်မောင်နှင့် အဖွဲ့ဝင်များသည် ဆန္ဒမဲပေးမှုသရုပ်ပြခြင်းကို ကြည့်ရှုစစ်ဆေးကြသည်။

ရန်ကုန်တိုင်း

ထို့အတူ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေး ကော်မရှင်အဖွဲ့ဝင်များနှင့် ရန်ကုန်တိုင်းအတွင်းရှိ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများ တွေ့ဆုံပွဲကို နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ဦးဘလွင်ခန်းမ၌ ကျင်းပရာ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ဝင် ဦးသောင်းညွှန့်က အမှာစကားပြောကြားသည်။

ထို့နောက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေး ရန်ကုန်တိုင်း ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးလှစိုးက ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး သဘာပတိ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေး ကော်မရှင်အဖွဲ့ဝင် ဦးသောင်းညွှန့်က နိဂုံးချုပ်အမှာစကားပြောကြားကာ တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။

တွေ့ဆုံပွဲအပြီးတွင် ကော်မရှင်အဖွဲ့ဝင် ဦးသောင်းညွှန့်နှင့် အဖွဲ့ဝင်များသည် ဆန္ဒမဲပေးမှုသရုပ်ပြခြင်းကို ကြည့်ရှုစစ်ဆေးကြသည်။

ပေးပို့ဖြန့်ဝေ

ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း (၂၀၀၈)စာအုပ်၊ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ဥပဒေစာအုပ်၊ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ နည်းဥပဒေစာအုပ်၊ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင် မဲရုံမှူးလမ်းညွှန်စာအုပ်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မရှင် အဖွဲ့ခွဲများအတွက် လုပ်ငန်းလမ်းညွှန်စာအုပ် ငါးမျိုးကို ၂၀၀၈ခုနှစ် မတ်လ ဒုတိယပတ်မှ စတင်၍ သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီးသို့ ပေးပို့ဖြန့်ဝေထားပြီးဖြစ်ကြောင်း သိရသည်။

ထိုသို့ ပေးပို့ဖြန့်ဝေရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းစာအုပ်နှင့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေ စာအုပ်နှစ်မျိုးကို တစ်မျိုးလျှင် ပြည်နယ်၊ တိုင်းတစ်ခုအတွက် ၁၅အုပ်နှုန်းဖြင့် ပြည်နယ်၊ တိုင်း ၁၇ခုအတွက် ၂၅၅အုပ်၊ ခရိုင် ၆၆ ခရိုင်အတွက် တစ်ခရိုင်လျှင် ၁၅အုပ်နှုန်းဖြင့် အုပ်ရေ ၉၉၀၊ မြို့နယ် ၃၂၅မြို့နယ်အတွက် တစ်မြို့နယ်လျှင် ၁၅အုပ်နှုန်းဖြင့် ၄၈၇၅အုပ်၊ ရပ်ကွက် ၂၈၂၇ရပ်ကွက်အတွက် တစ်ရပ်ကွက်လျှင် ငါးအုပ်နှုန်းဖြင့် ၁၄၁၃၅အုပ်၊ ကျေးရွာအုပ်စု ၁၃၇၀၈အုပ်စုအတွက် တစ်အုပ်စုလျှင် ငါးအုပ်နှုန်းဖြင့် အုပ်ရေ ၆၈၅၄၀၊ ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ရုံးအဖွဲ့မှူးများအတွက် တစ်ဦးလျှင် တစ်အုပ်နှုန်းဖြင့် ၈၇ဦးအတွက် ၈၇အုပ်၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးရုံး ၁၅၇ရုံးအတွက် တစ်ရုံးလျှင် နှစ်အုပ်နှုန်းဖြင့် ၃၁၄အုပ်၊ ပါမောက္ခချုပ် ၃၆ဦးအတွက် တစ်ဦးလျှင် တစ်အုပ်နှုန်းဖြင့် ၃၆အုပ်၊ Project လုပ်ငန်း ၇၀အတွက် တစ်ခုလျှင် တစ်အုပ်နှုန်းဖြင့် အုပ်ရေ ၇၀၊ NGO အဖွဲ့အစည်း ၄၆ဖွဲ့အတွက် တစ်ဖွဲ့လျှင် ၁၀အုပ်နှုန်းဖြင့် အုပ်ရေ ၄၆၀၊ သံရုံး ၃၂ရုံးအတွက် တစ်ရုံးလျှင် နှစ်အုပ်နှုန်းဖြင့် ၆၄အုပ်၊ ကောင်စစ်ဝန်ရုံး ငါးရုံးအတွက် တစ်ရုံးလျှင် တစ်အုပ်နှုန်းဖြင့် ငါးအုပ်၊ စစ်သံရုံး ၁၃ ရုံးအတွက် တစ်ရုံးလျှင် တစ်အုပ်နှုန်းဖြင့် ၁၃အုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာနအတွက် စာအုပ်၃၅၀၀ စုစုပေါင်း တစ်မျိုးလျှင် ၉၃၃၄၄ အုပ်ဖြင့် နှစ်မျိုးပေါင်း ၁၈၆၆၈၈ အုပ်ကို ဖြန့်ဝေထားပြီးဖြစ်ကြောင်း သိရှိရသည်။

လုပ်ငန်းလမ်းညွှန်

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲနည်းဥပဒေစာအုပ်၊ မဲရုံမှူးနှင့်မဲရုံအဖွဲ့ဝင်များ လမ်းညွှန်စာအုပ်နှင့် ရပ်ကွက်နှင့် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများအတွက် လုပ်ငန်းလမ်းညွှန် စာအုပ်သုံးမျိုးကို တစ်မျိုးလျှင် ပြည်နယ်၊ တိုင်းတစ်ခုအတွက် ၁၅အုပ်နှုန်းဖြင့် ပြည်နယ်၊ တိုင်း ၁၇ခုအတွက် ၂၅၅အုပ်၊ ခရိုင် ၆၆ခရိုင်အတွက် တစ်ခရိုင်လျှင် ၁၅အုပ်နှုန်းဖြင့် အုပ်ရေ ၉၉၀၊ မြို့နယ် ၃၂၅မြို့နယ်အတွက် တစ်မြို့နယ်လျှင် ၁၅အုပ်နှုန်းဖြင့် ၄၈၇၅အုပ်၊ ရပ်ကွက် ၂၈၂၇ရပ်ကွက်အတွက် တစ်ရပ်ကွက်လျှင် ငါးအုပ်နှုန်းဖြင့် ၁၄၁၃၅အုပ်၊ ကျေးရွာအုပ်စု၁၃၇၀၈အတွက် တစ်အုပ်စုလျှင် ငါးအုပ်နှုန်းဖြင့် အုပ်ရေ၆၈၅၄၀၊ ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ရုံးအဖွဲ့မှူးများအတွက် တစ်ဦးလျှင် တစ်အုပ်နှုန်းဖြင့် ၈၇ဦးအတွက် ၈၇အုပ်၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးရုံး ၁၅၇ရုံးအတွက် တစ်ရုံးလျှင် နှစ်အုပ်နှုန်းဖြင့် ၃၁၄အုပ်၊ ပါမောက္ခချုပ် ၃၆ဦးအတွက် တစ်ဦးလျှင် တစ်အုပ်နှုန်းဖြင့် ၃၆အုပ်၊ Project လုပ်ငန်း ၇၀အတွက် Project တစ်ခုလျှင် တစ်အုပ်နှုန်းဖြင့် အုပ်ရေ ၇၀၊ သံရုံး ၃၂ရုံးအတွက် တစ်ရုံးလျှင် နှစ်အုပ်နှုန်းဖြင့် ၆၄အုပ်၊ ကောင်စစ်ဝန်ရုံး ငါးရုံးအတွက် တစ်ရုံးလျှင် တစ်အုပ်နှုန်းဖြင့် ငါးအုပ်၊ စစ်သံရုံး ၁၃ရုံးအတွက် တစ်ရုံးလျှင် တစ်အုပ်နှုန်းဖြင့် ၁၃အုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာနအတွက် စာအုပ် ၃၅၀၀၊ စုစုပေါင်း တစ်မျိုးလျှင် ၉၂၈၈၄ အုပ်ဖြင့် သုံးမျိုးပေါင်း ၂၇၈၆၅၂အုပ်ကို ဖြန့်ဝေထားပြီးဖြစ်ကြောင်းသိရသည်။

ထို့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းစာအုပ်များကို မြန်မာနိုင်ငံမြို့နယ်အသီးသီးရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်များ၊ ယဉ်ကျေးမှုဝန်ကြီးဌာနအောက်ရှိ စာကြည့်တိုက်များ၊ တက္ကသိုလ်၊ကောလိပ်၊ သိပ္ပံများရှိ စာကြည့်တိုက်များတွင် လေ့လာဖတ်ရှုနိုင်သည့်အပြင် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင်၊ စာပေဗိမာန် စာအုပ်ဆိုင်များနှင့် ပြင်ပစာအုပ်ဆိုင်များ၌လည်း ဝယ်ယူဖတ်ရှုနိုင်ရန် စီစဉ်ပေးထားပြီးဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ပိတောက်နှင့်အတူ

✻ နှစ်သစ်ကိုကြို
စိမ်းစိုမြ ပင်တန်း၊
ရော်ရွက်ကြွေ ခြုံလွှာလှစ်ပေါ့
ဖူးသစ်ပွင့်လန်း။

✻ နှစ်သစ်ကိုကြို
ဥဩပျို ခွန်းဆင့်ကြွေး၊
မြိုင်ယံဆီ လွမ်းသံနှောခဲ့
သာမောဖွယ့်တေး။

✻ နှစ်သစ်ကိုကြို
ကုသိုလ်စိတ်ပွား၊
မကောင်းမှု မြူပယ်ရှင်းစေ
အလင်းခွန်အား။

✻ နှစ်သစ်ကိုကြို
လုံမပျို အတာရေလောင်း၊
ရိုးရာဟန် စဉ်ဓလေ့ကို
မမေ့စကောင်း။

✻ ယဉ်ကျေးမှုအမွေအနှစ်
ချစ်စရာ့ မြန်မာ့မှု၊
ဘယ်သူတွေ ဘယ်လိုဖျက်စေ
မပျက်ခံယူ၊
ပိတောက်နှင့်အတူ
'သင်္ကြန်' ဟူလှပမြဲ၊
နှစ်ဟောင်းကုန် နှစ်သစ်ကူးမှာ
မြူးပျော်ခြိမ့်သဲ။ ။

ဝင်းဝေနောင်

မြန်မာ့ရုပ်မြင်သံကြား

၁၁-၄-၂၀၀၈ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀	၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅	၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀	၃။ နံနက်ခင်းသတင်း
၇း၄၀	၄။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၇း၅၅	၅။ ခါသင်္ကြန်အဆိုအကများ
၈း၁၅	၆။ ကျောက်ကြီးပေါက်တံတား
၈း၃၀	၇။ International News.
၈း၄၅	၈။ တေးဂီတအစီအစဉ်။

ညပိုင်း

၄း၀၀	၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။ **မင်းမသိသေးပါဘူးကွာ** ရော၊ ၄က်ပျောကြော်၊ ချစ်စရာ၊ ကြူကြူသင်း၊ အေးအေးခိုင် (ဒါရိုက်တာ-ဆွေဇင်ထိုက်)
၄း၂၅	၃။ Demonstration Exercises for Correct Pronunciation.
၄း၄၀	၄။ ခါသင်္ကြန်အဆိုအကများ
၄း၅၅	၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(ဥပဒေပညာအထူးပြု) (ဥပဒေပညာ)
၅း၁၀	၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅း၂၅	၇။ နှောင်းခေတ်တေးပဒေသာ
၅း၃၅	၈။ ခါသင်္ကြန် အဆိုအကများ
၆း၀၀	၉။ ညနေခင်းသတင်း
၆း၃၀	၁၀။ မိုးလေဝသအခြေအနေ
၆း၃၅	၁၁။ ခါသင်္ကြန်အဆိုအကများ
၆း၅၀	၁၂။ **တစ်သက်စာ** ထွန်းထွန်း (Examplez)၊ သဇင်၊ စိုးရန်အောင် (ဒါရိုက်တာ-ဝင်းထွန်းထွန်း)
၇း၀၅	၁၃။ မှုဟန်သွယ်သွယ်ဆိုကြမယ်
၇း၂၅	၁၄။ **ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွက် အသင့်လျော်ဆုံး နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈)**
၈း၀၀	၁၅။ ပြည်တွင်းသတင်း
	၁၆။ နိုင်ငံတကာသတင်းများ
	၁၇။ မိုးလေဝသအခြေအနေ
	၁၈။ ခါသင်္ကြန်အဆိုအကများ
	၁၉။ မြန်မာရုပ်ရှင် **ရွှေမှန်ကြဲတဲ့ မိုးကောင်းကင်** (အပိုင်း-၁) လူမင်း၊ ရာဇာနေဝင်း၊ သားညီ၊ ထက်ထက်မိုးဦး၊ စိုးမြတ်နန္ဒာ၊ ကြည်လဲ့လဲ့ဦး (ဒါရိုက်တာ-နောင်ထွန်းလွင်၊ ညီညီထွန်းလွင်)
	၂၀။ အစီအစဉ်ပြီး၏။

မြန်မာနိုင်ငံပြန်တမ်း

၁။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာ့အသေးစားချေးငွေလုပ်ငန်း ညွှန်ကြားရေးမှူးချုပ် ဦးထိန်လင်းအား အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၂။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်မျိုးအား ယင်းဝန်ကြီးဌာန စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တိုးမြှင့်၍ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

နှစ်ဦးခါသင်္ကြန်

❀ တစ်နှစ်တစ်ခေါက်၊ ရွှေပိတောက်တို့
ရောက်လို့လာမည် ဒို့မြန်ပြည်။
ဖက်ဆွတ်ရေတိုး၊ သင်္ကြန်မိုးနှင့်
လှမျိုးစုံစွာ၊ ပိတောက်ဝါသည်
ပြည်ရွာအနှံ့၊ သင်းပျံ့ပျံ့လျှင်
ရနံ့ကြိုင်လျက် ရှိပါ၏။

❀ ဤသည်ချိန်ခါ၊ ဒို့ပြည်ရွာဝယ်
ရာသီခြိမ့်သဲ၊ အတာပွဲကို
ဆင်နွဲမြိုင်စွာ၊ ကျင်းပပါ၏။

❀ မြန်မာနှစ်ဦး၊ လတန်ခူးတွင်
ကြည်နူးသင်္ကြန်၊ မြန်မာ့ဟန်ဖြင့်
ကျောင်းကန်ဘုရား၊ အရောက်သွား၍
ငါး နွား ဘေးမဲ့ လွှတ်ကြ၏။

❀ မောင်မယ်စုံညီ၊ မြတ်စေတီဝယ်
စည်ပင်ဖြာဝေ၊ မာပါစေဟု
တာရေသွန်းလောင်း၊ ညွန်းဆုတောင်း၏
မိဘ ဘိုးဘွား၊ သက်ကြီးများကို
ဆပွားကြင်နာ၊ ခေါင်းလျှော်ကာလျှင်
ဒါနပေးလှူ၊ ကုသိုလ်ယူ၏။

❀ သူငါပြုကြ၊ လှူဒါနနှင့်
စတုဒိသာ၊ တိုက်ကျွေးကာလျှင်
စဉ်လာမပျက်၊ ကုသိုလ်ဆက်၏
ညစ်ကြေးကင်းစင်၊ မြူမတင်ဖို့
ရေစင်ပက်ဖျန်း၊ စိတ်ရွှင်လန်း၍
နှစ်ဆန်းမင်္ဂလာရှိပါ၏။

❀ သြော်-
မြူးကြွသည့်ဟန်၊ တာသင်္ကြန်ကို
ကြိမ်ဖန်များစွာ၊ ကြုံခဲ့ပါလည်း
ကြည်သာချမ်းမြေ့၊ ထုံးဓလေ့အား
မမေ့ရင်မှာ၊ စွဲလမ်းကာလျှင်
ဘယ်ခါမရိုးနိုင်သတည်း။ ။

ထီယု

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၁-၄-၂၀၀၈(သောကြာနေ့)

AM & PM

၇း၀၀-၁း၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	**ဘဝစစ်တမ်း** တရားတော် (ဓမ္မဒူတ ဒေါက်တာအရှင်ပညိဿရ)
၈း၀၀-၂း၀၀	ခါသင်္ကြန်အဆိုအက
၈း၁၀-၂း၁၀	မြတ်ဗုဒ္ဓ၏ ဓမ္မအမွေအနှစ်များဖြင့် ဝေဆာနေသော မြတ်ရွှေတိဂုံ မဂ္ဂဇင်း
၈း၄၀-၂း၄၀	Myanmar Video Rhythm
၉း၀၀-၃း၀၀	အတာသတ်ပွဲ (ထားဝယ် ရိုးရာအက)
၉း၁၀-၃း၁၀	ပြည်တွင်းသတင်းအကျဉ်း
၉း၂၀-၃း၂၀	ခါသင်္ကြန်အဆိုအက
၉း၂၅- ၃း၂၅	သီးနှံစိုက်ပျိုး အထွက်တိုး (စားသုံးဆီဖူလုံဖို့မြေပဲအထွက်တိုးအောင်စိုက်ကြစို့)
၉း၃၅- ၃း၃၅	ယနေ့သိပ္ပံနှင့်နည်းပညာ
၉း၅၀- ၃း၅၀	နိုင်ငံတကာ သတင်းအကျဉ်း
၉း၅၅- ၃း၅၅	ခါသင်္ကြန်အဆိုအက
၁၀း၀၀- ၄း၀၀	ရေကောင်းရေသန့် ပေးဝေမည် ရန်ကုန်မြို့နေ ပြည်သူတွေဆီ
၁၀း၁၅- ၄း၁၅	မိုးလေဝသခန့်မှန်းချက်
၁၀း၂၀- ၄း၂၀	ခါသင်္ကြန်အဆိုအက
၁၀း၂၅- ၄း၂၅	Art Vision (Feel 83 Art Exhibition)
၁၀း၄၀- ၄း၄၀	ပြည်တွင်းသတင်း အကျဉ်း
၁၀း၅၀- ၄း၅၀	ခါသင်္ကြန်အဆိုအက
၁၀း၅၅- ၄း၅၅	ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၁၁း၁၀- ၅း၁၀	နိုင်ငံတကာ သတင်းအကျဉ်း
၁၁း၁၅- ၅း၁၅	ခါသင်္ကြန်အဆိုအက
၁၁း၂၀- ၅း၂၀	Yangon Panorama
၁၁း၃၀- ၅း၃၀	ရန်အောင်သင်္ကြန်
၁၂း၀၀- ၆း၀၀	လေလှိုင်းကြားမှ ဖြေကြားပရိသတ်များ အမေးစကား
၁၂း၂၀- ၆း၂၀	ခါသင်္ကြန်အဆိုအက
၁၂း၂၅- ၆း၂၅	ရှုမငြီးစရာ ပုသိမ်ထီးကမ္ဘာ
၁၂း၃၅- ၆း၃၅	VJ CHOICE
၁း၀၀- ၇း၀၀	MRTV-4 အပိတ် Logo

MRTV- 4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ကမ္ဘောဒီးယား၌ ဆေးခြောက်စိုက်ပျိုးမှု အမြစ်ပြတ်တိုက်ဖျက်နိုင်ပြီ
မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအဖွဲ့ ကြေညာ

ဖနောင်ပင် ဧပြီ ၁၀

ကမ္ဘောဒီးယားနိုင်ငံ၌ ဆေးခြောက်စိုက်ခင်းများ စိုက်ပျိုးခြင်း လုံးဝအမြစ်ပြတ် ချေမှုန်းဖျက်ဆီးပစ်နိုင်ခဲ့ပြီဖြစ်ကြောင်း ကမ္ဘောဒီးယား မူးယစ်ဆေးဝါးတိုက်ဖျက်ရေး အာဏာပိုင်အဖွဲ့က ကြေညာသည်ကို ဒေသဆိုင်ရာမီဒီယာက ဧပြီ ၈ရက်တွင် သတင်းဖော်ပြသည်။

ပြောကြားချက်

ဆေးခြောက်များစိုက်ပျိုးမှု အမြစ်ပြတ်အောင် ကြိုးပမ်းဆောင်ရွက်နိုင်ခြင်းသည် မိမိတို့နိုင်ငံ၏အောင်ပွဲတစ်ရပ်ပင်ဖြစ်ကြောင်း၊ သို့သော်လည်းနိုင်ငံအတွင်း မူးယစ်ဆေးဝါး လျှို့ဝှက်ထုတ်လုပ် မှောင်ခိုရောင်းဝယ်မည်ကို စိုးရိမ်နေရဆဲဖြစ်ကြောင်း ကမ္ဘောဒီးယား မူးယစ်ဆေးဝါးတိုက်ဖျက်ရေး အာဏာပိုင်အဖွဲ့ အတွင်းရေးမှူးချုပ် လော်ရာမင်၏ ပြောကြားချက်ကို မဲခေါင်တိုင်း(မ်)သတင်းစာက ကိုးကားရေးသား ဖော်ပြသည်။

ကျေနပ်အားရမှုမရှိ

ယင်းအောင်မြင်မှုသည် ကမ္ဘောဒီးယားနိုင်ငံ၌ မူးယစ်ဆေးဝါး မှောင်ခိုရောင်းဝယ်မှု လျှော့ချရေးတွင် ပထမဆုံးအောင်မြင်မှု ခြေလှမ်းပင်ဖြစ်ကြောင်း၊ သို့သော်လည်း ယင်းအောင်မြင်မှုကို ကျေနပ်အားရမှုမရှိသေးကြောင်း ၄င်းက ပြောကြားသည်။

ထပ်လောင်းပြောကြား

ထိုသို့ဆေးခြောက် စိုက်ပျိုးထုတ်လုပ်မှု အမြစ်ပြတ်ဖယ်ရှားနိုင်ခဲ့ပြီဖြစ်၍ ယခင်က ကမ္ဘောဒီးယားနိုင်ငံကို ဆေးခြောက်အများဆုံး စိုက်ပျိုးတင်ပို့ရောင်းချသည့် နိုင်ငံအဖြစ် စွပ်စွဲထားခြင်းမှာ မဖြစ်နိုင်တော့ကြောင်း ၄င်းက ထပ်လောင်းပြောကြားသည်။

၂၀၀၀ပြည့်နှစ်တွင် အာဆီယံနိုင်ငံများသည် တရုတ်နိုင်ငံနှင့်အတူ ပူးပေါင်းလျက် မူးယစ်ဆေးဝါးကို အမြစ်ပြတ် ဖယ်ရှားရန်နှင့် ထုတ်လုပ်မှုလျှော့ချရန် ကတိပြုထားကြသည်။

အမ်အင်န်အေဆင်ဟွာ

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် ပါဆာဒီနာမြို့အနီး အဝေးပြေးကားလမ်းမပေါ်တွင် ကားနှစ်စီးတိုက်မှု ဖြစ်ပွားခဲ့ရာ မီးလောင်ပျက်စီးနေသော ကုန်သေတ္တာကားတစ်စီးအား မီးငြိမ်းသတ်နေသည်ကို ဧပြီ ၁၀ရက်က တွေ့ရစဉ်။ (အင်တာနက် ဓာတ်ပုံ)

အိန္ဒိယရေနံရှာဖွေရေးကုမ္ပဏီ ဗင်နီဇွဲလား၌ ရေနံတူးဖော်မည်

ဗင်နီဇွဲလားနိုင်ငံ အိုရီနိုကိုဒေသ၌ တူးဖော်လျက်ရှိသည့် ရေနံစင်များကို ဧပြီ ၁၀ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

နယူးဒေလီ ဧပြီ ၁၀

အိန္ဒိယနိုင်ငံသည် ဗင်နီဇွဲလားနိုင်ငံ အရှေ့တောင်ပိုင်း အိုရီနိုကိုဒေသ၌ ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ရန် အမေရိကန်ဒေါ်လာ သန်း ၄၀၀တန်ဖိုးရှိ ငါးနှစ်သက်တမ်းစာချုပ်တစ်ရပ်ကို လက်မှတ်ရေးထိုးလိုက်ကြောင်း ဧပြီ ၉ ရက်က အင်တာနက်သတင်း၌ ဖော်ပြသည်။

ပိုင်ဆိုင်

အဆိုပါ ဖက်စပ်စာချုပ်တွင် ဗင်နီဇွဲလားနိုင်ငံပိုင် ပက်ထရိုလီယိုဒီဗင်နီဇွဲလား (ပီဒီဗီအက်စ်အေ)က ၆၀ရာခိုင်နှုန်း ပိုင်ဆိုင်ပြီး အိန္ဒိယရေနံနှင့် သဘာဝဓာတ်ငွေ့ ကော်ပိုရေးရှင်း (အိုအင်န်ဂျီစီ)က ကျန် ၄၀ ရာခိုင်နှုန်း ပိုင်ဆိုင်မည်ဖြစ်သည်။

ရင်းနှီးမြှုပ်နှံ

အိုအင်န်ဂျီစီသည် ယင်းစီမံကိန်း လုပ်ငန်းတွင် အမေရိကန်ဒေါ်လာ သန်း၄၅၀ ရင်းနှီးမြှုပ်နှံမည်ဖြစ်သည်။

ဗင်နီဇွဲလားနိုင်ငံသည် လက်တင်အမေရိက၏ ထိပ်တန်းရေနံထုတ်လုပ်သည့် နိုင်ငံဖြစ်ပြီး သိုလှောင်သိမ်းဆည်းထားသော အရန် ရေနံစိမ်းစည်ပေါင်း ဘီလီယံ ၁၀၀ခန့် ရှိသည်။ ဗင်နီဇွဲလားနိုင်ငံသည် အိုရီနိုကိုဒေသမှ ရေနံ နှစ်ဆတိုးထွက်လာပြီး တစ်ရက် စည်ပေါင်း ၆၀၀၀၀ ထုတ်လုပ်သွားရန် မျှော်လင့်ထားသည်ဟု ဆိုသည်။

ထွက်ရှိ

ယင်းရေနံတူးဖော်ရေး လုပ်ကွက်ကို လာမည့် သုံးနှစ်အတွင်း စတင်နိုင်မည်ဖြစ်ကြောင်း၊ ၄င်းလုပ်ကွက်မှ လာမည့် ၂၅နှစ်တာ ကာလအတွင်း ရေနံစိမ်းစည်ပေါင်း ၂၃၂သန်း ထွက်ရှိမည်ဖြစ်ကြောင်း ဗင်နီဇွဲလား တာဝန်ရှိသူများက ပြောကြားသည်။

၄င်းရေနံလုပ်ကွက်မှ ထွက်ရှိသော ရေနံစိမ်းများကို ဗင်နီဇွဲလားနိုင်ငံက တစ်ရက်စည်ပေါင်း ၁၅၀၀၀၀ကို အိန္ဒိယနိုင်ငံသို့ တင်ပို့ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

အာဂျင်တီးနား အဝေးပြေးလမ်းပေါ်၌ ယာဉ်အစုအပြုံလိုက်တိုက်

ဗျူနိုအေရိစ် ဧပြီ ၁၀

အာဂျင်တီးနားနိုင်ငံ ဗျူနိုအေရိစ်မြို့ အဝေးပြေးလမ်းမကြီးပေါ်တွင် ဧပြီ ၉ ရက်က ယာဉ်အစုအပြုံလိုက် တိုက်မှုဖြစ်ပွားရာ လေးဦးသေဆုံးပြီး ၂၅ဦး ဒဏ်ရာရရှိသွားကြောင်း အမျိုးသားအဝေးပြေး လမ်းထိန်းသိမ်းရေးဌာန ပြောရေးဆိုခွင့်ရှိသူ အင်န်စတိုအရီဂါက ပြောကြားသည်။

ယင်းဖြစ်ပွားမှုမှာ အနီးဝန်းကျင်တွင် တောမီးလောင်ကျွမ်းရာမှ ထွက်ပေါ်လာသော မီးခိုးမြူမှုန်များကြောင့် ယာဉ်မောင်းများအနေဖြင့် အမြင်အာရုံဝေဝါးကာ မတော်တဆယာဉ်တိုက်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ဇာရာတီမြို့နှင့်ရာမာလိုမြို့အကြား အမှတ်(၉) အဝေးပြေးလမ်းမကြီးပေါ်တွင် ဘတ်စ်ကားများအား ကုန်တင်ကားများနှင့် အိမ်စီးကားများအပါအဝင် ယာဉ်အစီး ၂၀ခန့် အစုအပြုံလိုက်တိုက်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ ကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဆရာဝန်များမှာ အခင်းဖြစ်ပွားရာနေရာသို့ ရောက်ရှိလာကြပြီး ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြကြောင်း အရီဂါက ထပ်လောင်း ပြောကြားသည်။

(အင်တာနက်)

ဗီယက်နမ်နိုင်ငံ၏ အိုင်တီနည်းပညာကဏ္ဍ ၂၀၁၁ ခုနှစ်၌ ထူးထူးခြားခြားတိုးတက်လာမည်

ဟန္နိုင်း ဧပြီ ၁၀

ဗီယက်နမ်နိုင်ငံ၏ သတင်းနှင့် ဆက်သွယ်ရေးနည်းပညာကဏ္ဍသည် လက်ရှိအချိန်မှစ၍ ၂၀၁၁ခုနှစ်ကာလအတွင်း ထူးထူးခြားခြား တိုးတက်ပြောင်းလဲလာမည်ဖြစ်ကြောင်း ဗီယက်နမ်အစိုးရနှင့်အိုင်တီကော်ပိုရေးရှင်းမှတာဝန်ရှိသူများက ဧပြီ၈ရက်၌ ပြောကြားသည်။

လုပ်ကိုင်

ဗီယက်နမ်နိုင်ငံ၌ ပြည်တွင်းပြည်ပ ကုမ္ပဏီများသည် ကွန်ပျူတာ၊ မိုဘိုင်းလ်ဖုန်းနှင့် ကင်မရာထုတ်လုပ်ရောင်းဝယ်ရေး လုပ်ငန်းများတွင် အလုံးအရင်းဖြင့် ဝင်ရောက် လုပ်ကိုင်လျက်ရှိနေပြီဖြစ်ကြောင်း ပြန်ကြားရေးနှင့် ဆက်သွယ်ရေး ဒုတိယဝန်ကြီး ထရန်ဒပ်လိုင်က ပြောကြားသည်။

ပြောကြား

အဆိုပါ ဒုတိယဝန်ကြီးက မြို့တော်ဟန္နိုင်း၌ ဧပြီ ၈ရက်တွင် ကျင်းပသော နိုင်ငံတကာ အီလက်ထရွန်နစ် ပို့ကုန်နှင့် ကွန်ဖရင့် ဖွင့်ပွဲအခမ်းအနား၌ ပြောကြားခဲ့ခြင်းဖြစ်သည်။

တိုးတက်မှု

ဗီယက်နမ်နိုင်ငံ၏ အိုင်တီဈေးကွက်သည် ၂၀၀၇ခုနှစ်မှ၂၀၁၁ခုနှစ်အထိ နှစ်စဉ်ပျမ်းမျှတိုးတက်မှု ၁၁ဒသမ၄ရာခိုင်နှုန်း ရှိလာမည်ဖြစ်ကြောင်း၊ ၂၀၀၇ ခုနှစ်တွင် အိုင်တီလုပ်ငန်းမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံကျော်ရှိရာမှ ၂၀၁၁ ခုနှစ်၌ အမေရိကန်ဒေါ်လာ ၂ဒသမ ၁ဘီလီယံ ရရှိလာမည်ဖြစ်ကြောင်း ၄င်းဝန်ကြီးက ပြောကြားသည်။

မှတ်ချက်ပြု

ဗီယက်နမ်နိုင်ငံ၏ ဆက်သွယ်ရေးကဏ္ဍသည် ၂၀၀၇ခုနှစ်မှ ၂၀၁၁ခုနှစ်အထိ ငါးနှစ်တာကာလအတွင်း နှစ်စဉ် ၁၀ ဒသမ ၆ရာခိုင်နှုန်း တိုးတက်မည်ဖြစ်ကြောင်း ထရန်ဒပ်လိုင်က ပြောကြားသည်။ ၂၀၀၇ခုနှစ်တွင် လိုင်းဖုန်းဆက်သွယ်အသုံးပြုမှုမှ အခွန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၃၃၉သန်းရရှိရာမှ ၂၀၁၁ခုနှစ်၌ အမေရိကန် ဒေါ်လာ ၄၅၁သန်း ရရှိမည်ဖြစ်ကြောင်း၊ မိုဘိုင်းလ်ဖုန်းမှလည်း ၂၀၀၇ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၃၇၁ဒသမ ၉ သန်းရရှိရာမှ ၂၀၁၁ခုနှစ်၌ ၆၁၃ဒသမ ၅ သန်းရရှိမည်ဖြစ်ကြောင်း ၄င်းက မှတ်ချက်ပြုပြောကြားသည်။ **အမ်အင်န်အေရိုက်တာ**

ကရာချိမြို့၌ ရှေ့နေများ အဓိကရုဏ်းဖြစ်ပွား အနည်းဆုံးခြောက်ဦးသေဆုံး၊ ၁၂ဦးဒဏ်ရာရရှိ

ကရာချိ ဧပြီ ၁၀

ပါကစ္စတန်နိုင်ငံ ကရာချိမြို့၌ ဧပြီ ၉ ရက်က ရှေ့နေပြိုင်ဘက် အုပ်စုနှစ်စုအကြား အဓိကရုဏ်း ဖြစ်ပွားခဲ့ရာ အနည်းဆုံး ခြောက်ဦးသေဆုံးပြီး အခြား ၁၂ဦး ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

မီးရှို့

အဆိုပါ ပြိုင်ဘက်ရှေ့နေအဖွဲ့ နှစ်ဖွဲ့သည် ကရာချိမြို့တောင်ပိုင်း အဓိကလမ်းမကြီး တစ်နေရာတွင် အနည်းဆုံးကားငါးစီးကိုမီးရှို့(ယာပုံ)လိုက်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အဓိကရုဏ်းဖြစ်

ယင်းအကြမ်းဖက်မှုသည် ပါကစ္စတန်သမ္မတပါဗက်ဇ်မူရာရက်ဖ်အား ထောက်ခံသောရှေ့နေများနှင့် အစိုးရဝန်ကြီးဟောင်း ရှီယာအက်ဖ်ဂန်နီယာဇီ ဧပြီ ၈ ရက်က တိုက်ခိုက်ခံရ၍ဆန့်ကျင်သော ရှေ့နေများအကြား အဓိကရုဏ်း ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

ကရာချိမြို့ အခြေစိုက် အမ်ကျူအမ်ပါတီနှင့် အာဏာရပီပီပီပါတီတို့ အကြား အဓိကရုဏ်းဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ပိတ်ထား

အကြမ်းဖက်မှုဖြစ်ပွားပြီးနောက် ယင်းမြို့ရှိ ဈေးဆိုင်များနှင့် စီးပွားရေးလုပ်ငန်းများ ပိတ်ထားရသည်ဟု ဆိုသည်။ **(အင်တာနက်)**

ဘဝအမောပြေ
ဒါကြောင့်ပါ....

ဘတ်စ်ကားတစ်စီးပေါ်တွင် မျက်စိမှိတ်ထားသော လူတစ်ဦးအား အနီးရှိ အမျိုးသားတစ်ဦးက အနားကပ်ပြီး မေးလေသည်။

အမျိုးသား ။ ။ မိတ်ဆွေ...နေမကောင်းဘူးလား။

မျက်စိမှိတ်ထားသူ ။ ။ ကောင်းပါတယ်။

အမျိုးသား ။ ။ ကျွန်တော် ဘာအကူအညီပေးရမလဲ။

မျက်စိမှိတ်ထားသူ ။ ။ ရပါတယ်...

အမျိုးသား ။ ။ ဒါဆိုရင် ဘာဖြစ်လို့မျက်စိမှိတ်ထားတာလဲဗျာ။

မျက်စိမှိတ်ထားသူ ။ ။ ကျွန်တော့်ရှေ့မှာ အသက်ကြီးကြီးအမျိုးသမီးတွေ လာရပ်နေလို့ပါ။

အမျိုးသား ။ ။ "ဗျာ"

နိုင်ငံတကာသတင်း စုစည်း ဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုးနှင့် ချစ်စိုးနိုင်

အနာဂတ်အတွက်ထွန်းသစ်စ နိုင်ဂျာနိုင်ငံ

သတင်းအက်ဆေး

နိုင်ဂျာနိုင်ငံသည် မြောက်အာဖရိက အတွင်းပိုင်းတွင် တည်ရှိသည်။ ဆာဟာရကန္တာရအစွန်ရှိ ဤနိုင်ငံသည် မိုးခေါင်ခြောက်သွေ့သည့် နိုင်ငံဖြစ်ပြီး လွတ်လပ်ရေးရပြီးနောက် အများအားဖြင့် စည်းကမ်းကြီးသော စစ်တပ်၏ အုပ်ချုပ်မှုအောက်တွင် နေထိုင်ခဲ့ရသည်။ ဤနိုင်ငံကို ကုလသမဂ္ဂက ကမ္ဘာ့ဖွံ့ဖြိုးမှု အနည်းဆုံး နိုင်ငံတစ်နိုင်ငံအဖြစ် သတ်မှတ်ထားသည်။

အရွေးခံရ

နိုင်ဂျာနိုင်ငံကို ၁၈၉၀ပြည့်နှစ်၌ ပြင်သစ်က သိမ်းပိုက်သည်။ ၁၉၆၀ပြည့်နှစ်တွင် လွတ်လပ်ရေးရသည်။ ပါလီမန်က ဟားမင်းကို သမ္မတအဖြစ် ရွေးချယ်တင်မြှောက်သည်။ ၁၉၇၄ခုနှစ်၌ ဒုတိယဗိုလ်မှူးကြီးကောင်ချေ ဦးဆောင်သည့် စစ်တပ်က အာဏာသိမ်းသည်။ ၁၉၈၇ခုနှစ်၌ ကောင်ချေကွယ်လွန်သဖြင့် စစ်ဦးစီးချုပ် အလီဆောက်ို ဆက်ခံသည်။ ၁၉၈၉ခုနှစ်၌ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ အရပ်သား အစိုးရ ဖွဲ့စည်းရန် ရွေးကောက်ပွဲကျင်းပရာ အလီဆောက်ို သမ္မတအဖြစ် ပြန်လည်အရွေးခံရသည်။

ရွေးချယ်တင်မြှောက်

၁၉၉၁ခုနှစ် ဇူလိုင်လ၌ အလီဆောက်ိုအား ဖယ်ရှားပြီး ယာယီအစိုးရဖွဲ့စည်းသည်။ ၁၉၉၃ခုနှစ် သမ္မတရွေးကောက်ပွဲ၌ မဟာမိန်းအူစမိန်း သမ္မတဖြစ်လာသည်။ ၁၉၉၅ ခုနှစ် ဇန်နဝါရီလတွင် ၎င်းအား ဗိုလ်မှူးကြီး မိန်နာဆာရာက ဖြုတ်ချအာဏာသိမ်းသည်။ ၁၉၉၆ခုနှစ် ဇူလိုင်လ သမ္မတ ရွေးကောက်ပွဲ၌ မိန်နာဆာရာအနိုင်ရသည်။ ၁၉၉၉ခုနှစ် ဧပြီလတွင် မိန်နာဆာရာအား သူ့ကိုယ်ရံတော်များက လုပ်ကြံပြီးနောက် ဗိုလ်မှူးဝမ်ကေးက အာဏာရယူသည်။ ထိုနှစ်အောက်တိုဘာလနှင့် နိုဝင်ဘာလ၌ မာမာဒိုတန်ဂျာ သမ္မတအဖြစ် ရွေးချယ်ခံရသည်။ ၂၀၀၄ခုနှစ် ဒီဇင်ဘာလ သမ္မတရွေးကောက်ပွဲတွင် မာမာဒိုတန်ဂျာပင် ဒုတိယအကြိမ် ထပ်မံရွေးချယ် တင်မြှောက်ခံရသည်။

အဓိကစိန်ခေါ်

သမ္မတ မာမာဒိုတန်ဂျာမှာ နိုင်ငံတော်ကို အတော်အတန်တည်ငြိမ်အောင် ထိန်းသိမ်းနိုင်သည့် သမ္မတအဖြစ်ချီးကျူးခံရသည်။ သို့သော် ဆင်းရဲမွဲတေမှု၊ အလုပ်လက်မဲ့ ပေါများမှုနှင့် နိုင်ငံခြားကြွေးမြီများမှာ အဓိကစိန်ခေါ်နေသည့် ပြဿနာများဖြစ်သည်။

၁၈၉၀ပြည့်လွန်နှစ်များမှစ၍ ပြင်သစ်လက်အောက်ရောက်ခဲ့သည့် နိုင်ဂျာနိုင်ငံမှာ သမိုင်းကြောင်းအရ အာဖရိကမြောက်ပိုင်းနှင့် ဆာဟာရဒေသတောင်ပိုင်း အကြားရှိ တံခါးပေါက်တစ်ခုဖြစ်။ ၁၉၆၀ ပြည့်နှစ် လွတ်လပ်ရေးရပြီးနောက် နိုင်ဂျာနိုင်ငံ၏ တိုးတက်မှုမှာ နိုင်ငံရေး မတည်ငြိမ်မှု၊ ငါးနှစ်ကြာ မိုးခေါင်ရေရှားမှုတို့က ဟန့်တားနှောင့်ယှက်ခဲ့။

အကျိုးမဖြစ်ထွန်း

မိုးခေါင်ရေရှားမှု မကြာခဏကြုံရတတ်သည့် ဤနိုင်ငံ၌ ပြည်သူများအား ဝဝလင်လင် ကျွေးနိုင်ရန်ပင် မနည်းကြိုးပမ်းနေရသည်။ လယ်ယာစိုက်ပျိုးရေးမှာလည်း သဲကန္တာရက ကျယ်ပြန့်စွာ ထိပါးလာမှုကြောင့် ထင်သလောက် အကျိုးမဖြစ်ထွန်းပေ။ ယူရေနီယံတင်ပို့ရောင်းချမှုမှာ ဈေးကစားခံရမှုကြောင့် အမြဲတမ်းအဆင်ပြေသည်ဟု မဆိုနိုင်တော့။

ဟန့်တားနှောင့်ယှက်

၁၈၉၀ပြည့်လွှန်နှစ်များမှစ၍ ပြင်သစ်လက်အောက်ရောက်ခဲ့သည့် နိုင်ဂျာနိုင်ငံမှာ သမိုင်းကြောင်းအရ အာဖရိက မြောက်ပိုင်းနှင့် ဆာဟာရဒေသတောင်ပိုင်း အကြားရှိ တံခါးပေါက်တစ်ခုဖြစ်သည်။ ၁၉၆၀ ပြည့်နှစ် လွတ်လပ်ရေးရပြီးနောက် နိုင်ဂျာနိုင်ငံ၏ တိုးတက်မှုမှာ နိုင်ငံရေး မတည်ငြိမ်မှု၊ ငါးနှစ်ကြာ မိုးခေါင်ရေရှားမှုတို့က ဟန့်တားနှောင့်ယှက်ခဲ့သည်။

မိုးခေါင်ရေရှားမှုအပြင် ကျိုင်းကောင်များကျရောက်မှုကြောင့် စားနပ်ရိက္ခာများ ပြတ်လပ်ကာ ပြည်သူသန်းပေါင်းများစွာတို့၏ စားဝတ်နေရေးမှာ ၂၀၀၅ခုနှစ်ဝန်းကျင်က စိုးရိမ်စရာ ကြုံခဲ့ရသည်။

နိုင်ငံမြောက်ပိုင်းမှ တွာရက်သူပုန်တို့၏ ထကြွမှုကို ဖြေရှင်းရန်လည်း ကြီးမားသည့် တာဝန်ဖြစ်သည်။ ထိုသို့သောပြဿနာများကို ဖြေရှင်းလျက် ရွှေတူးဖော်မှုနှင့် ရေနံရှာဖွေရေးလုပ်ငန်းများ အောင်မြင်လျှင် နိုင်ဂျာနိုင်ငံ၏ အနာဂတ်မှာ အစစ အဆင်ပြေသွားမည်သာ ဖြစ်ပါကြောင်း။

(ကိုးကား-အင်တာနက်) တိုး - ရေးသားသည်

ပြည်ပသတင်း နောက်ဆုံးဖြစ်ရပ်များ

၁၀-၄-၂၀၀၈

အိုလံပစ်မီးရှူးတိုင် ထွန်းညှိသည့်အခမ်းအနား ပါကစ္စတန်သမ္မတ တက်ရောက်မည်

၂၀၀၈ ပေကျင်းအိုလံပစ် မီးရှူးတိုင်ထွန်းညှိသယ်ဆောင်ခြင်း အခမ်းအနားကို ပါကစ္စတန်နိုင်ငံ ကရာချိမြို့၌ကျင်းပသည့်အခါ မိမိတက်ရောက်မည်ဖြစ်ကြောင်း ပါကစ္စတန်သမ္မတ ပါဗက်ဇ်မူရှာယက်ဖ်က ပြောကြားလိုက်သည်။

ကမ္ဘာ့နိုင်ငံများသို့ ၂၀၀၈ ပေကျင်းအိုလံပစ် မီးရှူးတိုင်သယ်ဆောင်လျက်ရှိရာ ပါကစ္စတန်နိုင်ငံ ကရာချိမြို့သို့ ဧပြီ ၁၆ ရက်၌ ရောက်ရှိမည်ဖြစ်သည်။

ဓာတ်အားပေးစက်ရုံကြီး ဗီယက်နမ်၌ တည်ဆောက်မည်

ဗီယက်နမ်နိုင်ငံတွင် အပူစွမ်းအင်မှ လျှပ်စစ်ဓာတ်အား ထုတ်ယူရရှိမည့် ဓာတ်အားပေးစက်ရုံကြီးတစ်ရုံကို တည်ဆောက်တော့မည်ဖြစ်ကြောင်း ဗီယက်နမ် အရာရှိများက ပြောကြားသည်။

အဆိုပါ ဓာတ်အားပေးစက်ရုံကြီးကို အမေရိကန်ဒေါ်လာ ၆ ဒသမ ၇ ဘီလီယံအကုန်အကျခံကာ ကိုင်ဂန်ပြည်နယ် တောင်ပိုင်း၌ လာမည့်နှစ်မှ စတင်တည်ဆောက်သွားမည်ဖြစ်သည်။

တောင်ကိုရီးယား၌ ပါလီမန်ရွေးကောက်ပွဲ စတင်ကျင်းပ

တောင်ကိုရီးယားနိုင်ငံ တစ်ဝန်း၌ ပါလီမန်ရွေးကောက်ပွဲများ စတင်ကျင်းပကြောင်း တောင်ကိုရီးယားအရာရှိများက ပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံ တစ်ဝန်းရှိ ပြည်သူ ၃၈ သန်းက မဲရုံပေါင်း ၁၃၂၄၆ ရုံတွင် လာရောက်မဲပေးကြကြောင်း၊ ပြဿနာတစ်စုံတစ်ရာ မဖြစ်ပွားကြောင်း ၎င်းတို့က ဆက်လက် ပြောကြားသည်။

ဂါဇာ၌ အစ္စရေးတပ်ဖွဲ့ဝင်နှစ်ဦးသေဆုံး

ဂါဇာကမ်းမြောင်ဒေသ တောင်ပိုင်း၌ ဟားမတ်စ်လက်နက်ကိုင် တိုက်ခိုက်ရေးသမားများနှင့် အပြန်အလှန် ပစ်ခတ်မှုတွင် အစ္စရေးတပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးသွားကြောင်း အစ္စရေးစစ်ဘက်မှ ပြောကြားသည်။

ထိုသို့ အစ္စရေးနှင့် ဟားမတ်စ်တို့ အပြန်အလှန်ပစ်ခတ်မှုမှာ ညလုံးပေါက်ဖြစ်ပြီး အစ္စရေးတပ်ဖွဲ့ဝင်အချို့လည်း ဒဏ်ရာရရှိခဲ့သည်။

ကမ္ဘာ့ဈေးကွက်၌ဒေါ်လာတန်ဖိုးကျဆင်း

ကမ္ဘာ့ဈေးကွက်၌ အမေရိကန်ဒေါ်လာတန်ဖိုးများ ကျဆင်းလျက်ရှိကြောင်း အမေရိကန်ငွေကြေး လုပ်ငန်းရှင်များက ပြောကြားသည်။

နယူးယောက်ဈေးကွက်၌ အမေရိကန် တစ်ဒေါ်လာလျှင် ဂျပန်ယန်းငွေ ၁၀၁ယန်းရှိနေပြီး တစ်ယူရိုလျှင် အမေရိကန် ဒေါ်လာ ၁ ဒသမ ၅၇၁၅ ဒေါ်လာ ရှိနေကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

လက်ဘနွန်တောင်ပိုင်း၌ လုံခြုံရေးတိုးမြှင့်

လက်ဘနွန်နိုင်ငံတောင်ပိုင်းတွင် ဖြန့်ချထားသော ကုလသမဂ္ဂငြိမ်းချမ်းရေးတပ်ဖွဲ့များ လုံခြုံရေးကင်းလှည့်မှု တိုးမြှင့်ပြုလုပ်လျက်ရှိကြောင်း လက်ဘနွန် အရာရှိများက ပြောကြားသည်။

ယင်းမှာ လက်ဘနွန်နိုင်ငံတောင်ပိုင်း နယ်စပ်အနီး၌ အစ္စရေးစစ်ဘက်က ငါးရက်ကြာစစ်ရေးလေ့ကျင့်မှု ပြုလုပ်နေသဖြင့် ဟစ်ဇဘိုလာတို့နှင့် တိုက်ခိုက်မှုများ မဖြစ်ပွားစေရန် လုံခြုံရေးတိုးမြှင့်ခြင်း ဖြစ်သည်။

လာမည့်နှစ်၌ ဖီဂျီအထွေထွေရွေးကောက်ပွဲကျင်းပမည်

ဖီဂျီနိုင်ငံတွင် လာမည့်နှစ်မတ်လ၌ အထွေထွေရွေးကောက်ပွဲ ကျင်းပမည်ဖြစ်ကြောင်း ဖီဂျီအစိုးရအရာရှိများက ပြောကြားသည်။

အခက်အခဲများနှင့် ကြုံတွေ့ရမည်ဖြစ်သော်လည်း မိမိတို့ ၂၀၀၉ခုနှစ် မတ်လ၌ အထွေထွေရွေးကောက်ပွဲကျင်းပရန် စီစဉ်ထားကြောင်း ဖီဂျီနိုင်ငံ ဝန်ကြီးချုပ် ဗိုရီကီဘိုင်နီမာရာမာက ပြောကြားသည်။

ရုရှားဂျက်တိုက်လေယာဉ်များ အင်ဒိုနီးရှားဝယ်ယူမည်

အင်ဒိုနီးရှားလေတပ်က ရုရှားလုပ် ဆူခွိုင်းအက်စ်ယူ-၃၀ ဂျက်တိုက်လေယာဉ်သုံးစင်းကို ယခုနှစ်ကုန်၌ ဝယ်ယူသွားမည်ဖြစ်ကြောင်း အင်ဒိုနီးရှားလေတပ်အရာရှိများက ပြောကြားသည်။ အဆိုပါ ဂျက်တိုက်လေယာဉ်များကို လာမည့် အောက်တိုဘာ ၅ရက်၌ ကျရောက်မည့် အင်ဒိုနီးရှားလေတပ် နှစ်ပတ်လည်နေ့ မတိုင်မီ လက်ခံရရှိမည်ဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။

သူတို့အတွေးနှင့် အမြင်

The whole object of education is, or should be, to develop mind.

ပညာသင်ကြားခြင်း၏ ရည်မှန်းချက်အလုံးစုံမှာ စိတ်ဓာတ်ကို ဖွံ့ဖြိုးတိုးတက်စေရန်ဖြစ်၍ ထိုသို့လည်း ဖြစ်သင့်သည်။

ရှီးယားဝုဒ်အန်ဒါဆန် (စာရေးဆရာ)

Nothing in life is to be feared. It is only to be understood.

ဘဝ၌ ဘာတစ်ခုမျှကြောက်စရာမလိုဘဲ နားလည်သဘောပေါက်ရန်သာ လိုအပ်သည်။

မာရီကျူရီ(အမျိုးသမီးသိပ္ပံပညာရှင်)

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့၌ ကမ္ဘာ့အကြီးဆုံး ဓာတ်ပုံအယ်လ်ဘမ်ပြပွဲတစ်ခုကို ဧပြီ၉ရက်ကခင်းကျင်းပြသခဲ့ရာ အဆိုပါဓာတ်ပုံ အယ်လ်ဘမ်ကြီးသည် အရှည် လေးမီတာနှင့် အနံ သုံးမီတာ ရှိကာ အလေးချိန် တစ်တန်ရှိပြီး ဓာတ်ပုံပေါင်း ၅၆ပုံ ပါရှိရာ ကမ္ဘာပေါ်တွင် အကြီးဆုံး ဓာတ်ပုံအယ်လ်ဘမ်အဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။

(အင်တာနက်ဓာတ်ပုံ)



ဂျာမနီနိုင်ငံ ဘာလင်မြို့တောင်ဘက် ၃၁မိုင်ခန့်အကွာ စတောကောမြို့တွင် အသက် ၅၆ နှစ်အရွယ်ရှိ ဒီဒီဆင့်ဖ် အမည်ရှိ အမျိုးသားကြီးတစ်ဦးက ဧပြီ ၉ ရက်၌ အမြင့် ၁၆ ဒသမ ၄ ပေနှင့် အရှည် ၃၉ ဒသမ ၃ ပေ ရှိသော ဂီတာပုံစက်ဘီးကြီးတစ်စီးကို ပြုလုပ်ပြီး စီးပြခဲ့ရာ ကမ္ဘာပေါ်၌ အကြီးဆုံး ဂီတာပုံစက်ဘီးကြီးဖြစ်ကြောင်း ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။

(အင်တာနက်ဓာတ်ပုံ)

အိုဘားမားက ဟီလာရီထက် ထောက်ခံမှုပိုမိုရလာ ဂေါလပ်ပြည်သူ့ဆန္ဒသဘောထား ကောက်ယူချက်၌ပြသ

ဝါရှင်တန် ဧပြီ ၁၀

ဒီမိုကရက်တစ်ပါတီ ကိုယ်စားပြုမည့် သမ္မတလောင်းနေရာအတွက် ဟီလာရီကလင်တန်နှင့် အိုဘားမားတို့ အကြိတ်အနယ်ယှဉ်ပြိုင်လျက်ရှိကြရာ၌ အထက်လွှတ်တော်အမတ် အိုဘားမားက အထက်လွှတ်တော်အမတ် ဟီလာရီထက် လူကြိုက်များမှုမှာ ယခင်ကထက် ပိုမိုကွာဟလာကြောင်း ဧပြီ ၇ရက်က ထုတ်ပြန်သည့် ဂေါလပ်ပြည်သူ့ဆန္ဒသဘောထား ကောက်ယူချက်စစ်တမ်း၌ ဖော်ပြထားသည်။

အိုဘားမားအား ၅၂ ရာခိုင်နှုန်းသော ပြည်သူများက ထောက်ခံပြီး ဟီလာရီအား ၄၃ရာခိုင်နှုန်းက ထောက်ခံသည်ကို တွေ့ရသည်။ အိုဘားမားကို ဟီလာရီထက် ပိုမိုထောက်ခံမှုမှာ ယခင်က ၃ရာခိုင်နှုန်းသာရှိသော်လည်း ယခုအခါ ၉ရာခိုင်နှုန်းအထိ ပိုမိုကွာဟလာခြင်းဖြစ်သည်။

တွေ့ဆုံမေးမြန်း

နောက်ဆုံးထုတ်ပြန်သည့် ပြည်သူ့ဆန္ဒသဘောထား ကောက်ယူချက် စစ်တမ်းမှာ ဒီမိုကရက်တစ်ပါတီဝင်များနှင့် သမ္မတရွေးကောက်ပွဲတွင် ဒီမိုကရက်တစ်ပါတီ သမ္မတလောင်းအား မဲပေးမည့်သူ စုစုပေါင်း ၁၂၄၀တို့အား ကွင်းဆင်းတွေ့ဆုံ မေးမြန်းချက်ကို အခြေခံ၍ဂေါလပ်အုပ်စုက ထုတ်ပြန်ခြင်းဖြစ်သည်။

ဖော်ပြ

မဲစာရင်းဝင် ပြည်သူ ၄၃၈၀အား ဧပြီ ၂ရက်မှ၆ရက်အထိ တွေ့ဆုံသဘောထား ရယူသည့် အခြားသော ဂေါလပ်ပြည်သူ့ဆန္ဒသဘောထားကောက်ယူချက် စစ်တမ်း၌ ဖော်ပြသည်။

ထောက်ခံမှု

ရီပတ်ဘလီကင်ပါတီမှ ဂျွန်မက်ကိန်းနှင့် ဒီမိုကရက်တစ်ပါတီမှ ဟီလာရီနှင့် အိုဘားမားတို့အပေါ် ထောက်ခံမှုတွင် မက်ကိန်းနှင့် အိုဘားမားတို့နှစ်ဦးစလုံး ထောက်ခံမှုမှာ ၄၅ရာခိုင်နှုန်းစီရရှိကြပြီး မက်ကိန်းနှင့် ဟီလာရီတို့အပေါ် ထောက်ခံမှုမှာ မက်ကိန်းက၄၇ရာခိုင်နှုန်းနှင့် ဟီလာရီက၄၅ရာခိုင်နှုန်း အသီးသီးရရှိကြောင်း ဖော်ပြပါရှိသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ဟီလာရီကလင်တန်(ဝဲ)နှင့် အိုဘားမား(ယာ)

အရှေ့တီမောသမ္မတ ရာထူးမှ အနားယူဖွယ်

ကင်ဘာရာ ဧပြီ ၁၀

ဒဏ်ရာရနေသော အရှေ့တီမောသမ္မတ ဟိုဆေးရာမို့စ်ဟော်တာက ၄င်းအနေဖြင့် သမ္မတအဖြစ်မှ နုတ်ထွက်ရန် အရိပ်အမြွက် ပြောကြားလိုက်ကြောင်း ဩစတြေးလျ သတင်းစာက ဧပြီ ၈ရက်တွင် ရေးသားဖော်ပြသည်။

တာဝန်ထမ်းဆောင်

မိမိသည် သမ္မတရာထူး ပြန်လည်ထမ်းဆောင်ရန် ပြန်လာချိန်တွင် သမ္မတသက်တမ်းကုန်ဆုံးသည်အထိ ဆက်လက်တာဝန်ထမ်းဆောင်ရေးမှာ ကတိမပေးနိုင်ဟု ပါလီမန်တွင် ပြောကြားမည်ဖြစ်ကြောင်း ရာမို့စ်ဟော်တာက ပြောကြားသည်။

ပြောကြား

မိမိရာထူးမှ အနားယူသွားချိန်တွင် ပါလီမန်ဥက္ကဋ္ဌ ဖာနန်ဒိုလက်ဆာမာဒီအာရုဂျိုသည် သမ္မတဖြစ်လာနိုင်ကြောင်း ရာမို့စ်ဟော်တာက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

တရုတ်နိုင်ငံ ရှင်နန့်ပြည်နယ် ကျန့်ကျိုမြို့၌ ရိုးရာယဉ်ကျေးမှု ကပြဖျော်ဖြေပွဲတစ်ရပ် ကျင်းပနေသည်ကို ဧပြီ ၁၀ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဗီယက်နမ်လေဆိပ်များအဆင့်မြှင့်တင်ရေး ၂၀၂၀ ပြည့်နှစ်၌ အပြီးဆောင်ရွက်မည်

ဟနွိုင်း ဧပြီ ၁၀

ဗီယက်နမ်နိုင်ငံသည် နိုင်ငံတစ်ဝန်းရှိလေဆိပ်များအဆင့်မြှင့်တင်ရေးနှင့်ပတ်သက်၍ အမေရိကန်ဒေါ်လာ ၁၃ဒသမ၈ ဘီလီယံ အကုန်အကျခံဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဗီယက်နမ် ပို့ဆောင်ရေးအရာရှိများက ဧပြီ ၁၀ ရက်၌ ပြောကြားသည်။

အဆင့်မြှင့်တင်

ဗီယက်နမ်နိုင်ငံတွင် လေဆိပ်ပေါင်း ၂၆ ခုရှိရာ ယင်းလေဆိပ်များအဆင့်မြှင့်တင်မှုကို လာမည့် ၂၀၂၀ ပြည့်နှစ်၌ အပြီးဆောင်ရွက်သွားရန် စီစဉ်လျက်ရှိသည်။ အဆိုပါလေဆိပ်များမှာ နိုင်ငံတကာအဆင့်မီ လေဆိပ် ၁၀ ခုနှင့် ပြည်တွင်းလေဆိပ် ၁၆ ခုတို့ဖြစ်သည်။

စီစဉ်

ဗီယက်နမ်နိုင်ငံ၏ နိုင်ငံတကာလေဆိပ်အချို့ကို အသစ်နီးပါး ပြန်လည်တည်ဆောက်မည် ဖြစ်ပြီး နိုင်ငံတကာလေကြောင်းခရီးစဉ် အသစ်များကိုလည်း တိုးချဲ့သွားရန် စီစဉ်လျက်ရှိသည်။

တိုးချဲ့ပျံသန်းမည်

ဗီယက်နမ်နိုင်ငံတွင် လက်ရှိအချိန်၌ အပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်း ၄၀ ခန့် ပျံသန်းပြေးဆွဲလျက်ရှိရာ ပြည်တွင်း လေကြောင်းလိုင်းသစ်သုံးခုလည်း ထပ်မံ တိုးချဲ့ပျံသန်းမည်ဖြစ်သည်။

(အင်တာနက်)

ဘဂ္ဂဒက်မြို့၌ တိုက်ခိုက်မှုဖြစ်ပွား ကန်တပ်ဖွဲ့ဝင် သုံးဦးသေဆုံး

ဘဂ္ဂဒက် ဧပြီ ၁၀

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ ဧပြီ ၇ရက်တွင် လက်နက်ငယ်များဖြင့် ပစ်ခတ်၍ အကြမ်းဖက်တိုက်ခိုက်သဖြင့် အမေရိကန်တပ်ဖွဲ့ဝင်သုံးဦး သေဆုံးပြီး အခြား ၃၁ ဦး ဒဏ်ရာရရှိကြောင်း အမေရိကန် စစ်ဘက်က ပြောကြားသည်။

ဒဏ်ရာရ

ထိုနေ့အစောပိုင်းက ဘဂ္ဂဒက်မြို့ရှိ အစိုးရရုံးစိုက်ရာနှင့် သံတမန်များ ပေါင်းစုရာအရပ်၌ ဖောက်ခွဲတိုက်ခိုက်မှုများဖြစ်ပွားရာ အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးပြီး အရပ်သား ၁၇ဦး ဒဏ်ရာရရှိခဲ့ကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဇင်ဘာဘွေပြည်သူများ လယ်ယာမြေထိန်းသိမ်းရန် သမ္မတရောဘတ်မူဂါဘီ တိုက်တွန်းနှိုးဆော်

ဟာရာရေး ဧပြီ ၁၀

လယ်ယာမြေများကို မိမိတို့နိုင်ငံသည် တစ်ချိန်ကအုပ်ချုပ်ခဲ့သည့်သူများ လုမယူနိုင်အောင်ထိန်းသိမ်းပြီး ထိုလယ်ယာမြေများမှာ ဇင်ဘာဘွေ တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်၌သာရှိရမည်ဖြစ်ကြောင်း သမ္မတမူဂါဘီက တိုက်တွန်းနှိုးဆော်လိုက်သည်ဟု ဟာရယ်သတင်းစာက ဧပြီ ၉ရက်တွင် ရေးသားဖော်ပြသည်။

လယ်ယာမြေပေါ်သို့ အချို့လူဖြူလယ်သမားများ ပြန်ရောက်လာသည်ဆိုသော သတင်းများထွက်ပြီးနောက် သမ္မတ မူဂါဘီက အထက်ပါအတိုင်း တိုက်တွန်းလိုက်ခြင်းဖြစ်သည်။

ကျဆုံးခဲ့ရ

ရိုဒီရှန်းတို့လက်မှ ဤလယ်ယာမြေများပြန်ရရေးအတွက် လွတ်မြောက်ရေးစစ်ပွဲဆင်နွှဲစဉ်ကာလက ထောင်ပေါင်းများစွာသော လွတ်လပ်ရေးတိုက်ပွဲဝင် သူရဲကောင်းများကျဆုံးခဲ့ရပြီး တစ်ချိန်တည်းမှာပင် ဒဏ်ရာအနာတရဖြစ်သည့် ရဲဘော်အများအပြားရှိကြောင်း သမ္မတ မူဂါဘီက ပြောကြားခဲ့သည်။

လိုအပ်

ထို့ပြင် ဇင်ဘာဘွေပြည်သူများအနေဖြင့် ဤလယ်ယာမြေများကို ထိန်းသိမ်းထား ကြရန်လိုအပ်ကြောင်း သမ္မတမူဂါဘီကပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

မလေးရှားနိုင်ငံတွင် ရထားလမ်းချော်မှုဖြစ်ပွား ခရီးသည် သုံးဦးသေဆုံး

ကွာလာလမ်ပူ ဧပြီ ၁၀

မလေးရှားနိုင်ငံအရှေ့ပိုင်း ဆဘက်ချ်ပြည်နယ်တွင် ဧပြီ ၉ရက်က လူ ၄၀ခန့် တင်ဆောင်လာသော ရထားတစ်စင်း လမ်းချော်မှုဖြစ်ပွားခဲ့ရာ သုံးဦးသေဆုံးခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

အဆိုပါ မတော်တဆမှုသည် ဆဘက်ချ်ပြည်နယ် တီနွမ်မြို့အနီးတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ ပါဒက်စ်မြစ်ကမ်းပါးတစ်လျှောက် ခုတ်မောင်းနေစဉ် ထိုကဲ့သို့ လမ်းချော်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း တီနွမ်ရဲအကြီးအကဲ မက်ဇ်လန်လာဇင်မ်၏ ပြောကြားချက်ကို ကိုးကား၍ မလေးရှားအမျိုးသားသတင်းဌာန ဘာနာမာသတင်းဌာနက သတင်းထုတ်ပြန်ခဲ့သည်။

အဆိုပါရထားသည် ဧပြီ ၉ရက် ညနေပိုင်းက တီနွမ်မြို့မှ ကီလိုမီတာ အတော်ကွာဝေးသော ရထားလမ်းပိုင်းတွင် လမ်းချော်ပြီး ပါဒက်စ်မြစ်အတွင်းသို့ ထိုးကျခဲ့ခြင်းဖြစ်ပြီး ၄၁ဦး စီးနင်းလိုက်ပါလာကြောင်း အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသော ဒေသတွင်းသတင်းစာဖြစ်သည့် စတားသတင်းစာက ၄င်း၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

လေကြောင်းတိုက်ခိုက်

ဂါဇာကမ်းမြောင်ဒေသ၌ အစ္စရေးလေကြောင်း တိုက်ခိုက်မှုကြောင့် အပျက်အစီးများကို ဧပြီ ၁၀ရက်က ဤသို့တွေ့ရသည်။
(ယင်းတိုက်ခိုက်မှုကြောင့် အရပ်သားသုံးဦးသေဆုံးပြီး၊ ၁၀ဦး ဒဏ်ရာရရှိခဲ့သည်။)
(အင်တာနက်ဓာတ်ပုံ)

ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲရောက် နည်းပြတို့ စကား

စတင်ပြင်ဆင်နေပြီ

မန်ယူနည်းပြဖာဂူဆန်

လန်ဒန် ဧပြီ ၁၀

ချန်ပီယံလိဂ် ကွာတားဖိုင်နယ်ပွဲစဉ်တွေကို ဧပြီ ၁၀ရက်မှာ အကုန်ကစားခဲ့ပြီး

ပြီမို့ ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲ တက်ရောက်လာတဲ့ အသင်းတွေလည်း ပေါ်ထွက်လာခဲ့ပြီ ဖြစ်ပါတယ်။

ကြိုးစားအားထည့်

ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲ တက်ရောက်လာတဲ့ အသင်းတွေရဲ့ နည်းပြတွေ ပြောစကားကို နားထောင်ကြည့်ရင်တော့ ဖီနာဘာချီအသင်းကို ကွာတားဖိုင်နယ်မှာ အနိုင်ရပြီး အကြိုဗိုလ်လုပွဲတက်ရောက်လာတဲ့ ချယ်လ်ဆီးနည်းပြ ဂရန့်က "အမှန်အတိုင်း ပြောရရင်တော့ ဒီရလဒ်ကိုကျွန်တော်တို့ မမှန်းခဲ့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဖီနာဘာချီဟာ သာမန်အသင်းတစ်သင်း မဟုတ်လို့ပါပဲ။ တကယ့်ကို ကစားအားကောင်းတဲ့ အသင်း ဖြစ်ပါတယ်။ သူတို့လဲ အကြိုဗိုလ်လုပွဲတက်ရောက်မယ်လို့ မှန်းပြီး ကစားခဲ့တာမို့ ကျွန်တော်တို့ လွယ်လွယ်ကူကူတော့ အနိုင်ရခဲ့တာမဟုတ်ပါဘူး၊ ဘယ်လိုပဲဖြစ်ဖြစ် အကြိုဗိုလ်လုပွဲ ရောက်ရမယ်ဆိုတဲ့ မျှော်မှန်းချက်တော့ ပြည့်ခဲ့ပါပြီ။ အကြိုဗိုလ်လုပွဲမှာ အစဉ်အလာ ကောင်းတဲ့ လီဗာပူးနဲ့ ကစားရမှာမို့ ကျွန်တော့်လူတွေ အမှားအယွင်း၊ အတိမ်းအစောင်း လုံးဝခံလို့ မရတော့ပါဘူး။ကျွန်တော်တို့ ကြိုးစားအားထည့်ကစားရ တော့မှာဖြစ်ပါတယ်" လို့ ပြောကြားသွားပါတယ်။

သတိထား

အဲဒီလိုပဲ အာဆင်နယ်ကို အနိုင်ကစားပြီး ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲ တက်ရောက်လာတဲ့ လီဗာပူးအသင်း နည်းပြ ဘင်နီတက်ဇ်ကတော့ "ကျွန်တော်တို့ ထိုက်ထိုက်တန်တန် အနိုင်ရရှိခဲ့တာပါ။ ပထမပိုင်းပွဲချိန်အတွင်းမှာ ကျွန်တော့်လူတွေ ကောင်းကောင်း မကစားနိုင်ခဲ့ပါဘူး၊

သတိထားကစားရမယ်

လီဗာပူးနည်းပြ ဘန်နီတက်ဇ်

ဒုတိယပိုင်း ပွဲချိန်ရောက်တော့မှ အချိတ်အဆက်မိပြီး ထိုးဖောက် ဂိုးသွင်းနိုင်ခဲ့တာပါ။ ဒီပွဲမှာ အဆုံးသတ်ကောင်းလို့ ကျွန်တော်တို့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။ အကြိုဗိုလ်လုပွဲမှာ ချယ်လ်ဆီးနဲ့ကစားရမှာဆိုတော့ သေသေချာချာ ပြင်ဆင်ရဦးမှာဖြစ်ပါ

အမှားအယွင်းလုံးဝခံလို့မရဘူး

ချယ်လ်ဆီးနည်းပြပြော

တယ်။ ချယ်လ်ဆီးဟာ ကစားအားကောင်းတဲ့အသင်းဖြစ်တာမို့ သတိထားကစားရမှာ ဖြစ်ပါတယ်" လို့ ပြောသွားပါတယ်။

ဖြတ်ကျော်နိုင်

ဒီလိုပါပဲ ချန်ပီယံလိဂ်ကွာတားဖိုင်နယ်မှာ ရိုးမားကိုနှစ်ကျော့စလုံးရလဒ်သုံးဂိုး ဂိုးမရှိနဲ့ နိုင်ပွဲရပြီး အကြိုဗိုလ်လုပွဲ တက်ရောက်လာတဲ့မန်ယူအသင်းနည်းပြ ဖာဂူဆန်က "အကြိုဗိုလ်လုပွဲမှာ ဘာစီလိုနာ ကို ဘယ်လိုဖြတ်ကျော်မလဲဆိုတာ ပြင်ဆင်နေပါပြီ။ မန်ယူဟာ အကောင်းဆုံးအနေ အထားရောက်ရှိနေတာမို့ ဘာစီလိုနာကို ကောင်းကောင်းဖြတ် ကျော်သွားနိုင်မယ်လို့ ယုံကြည်ထားပါတယ်။ ကျွန်တော်တို့ ဒီနှစ်ဘောလုံးရာသီမှာ အရေးကြီးတဲ့ ဆုဖလားနှစ်လုံးစလုံး ရရှိရေး စိတ်ဓာတ်တွေ ပြင်းထန်နေချိန်မို့ ဘယ်အသင်းကို မဆိုဖြတ်ကျော်သွားနိုင်မှာပါ" လို့ ပြောကြားသွားပါတယ်။

အကြိတ်အနယ်

ရှော်လ်ကေးကို ကွာတားဖိုင်နယ်မှာ နှစ်ကျော့စလုံးအနိုင်ရပြီး ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲတက်ရောက်လာတဲ့ ဘာစီလိုနာ နည်းပြ ဖရန့်ရီကတ်ကလည်း "ကျွန်တော့်အသင်း ဟာစိတ်ဓာတ်ပြင်းပြင်းနဲ့ ကစားဖို့ပဲ လိုအပ်ပါတယ်။ ကမ္ဘာ့အဆင့်မီ ဘောလုံးသမားတွေအများကြီးရှိနေတာမို့ မန်ယူလိုအသင်းကို ကောင်းကောင်းယှဉ်နိုင်ပါတယ်။ ရှော်လ်ကေးလို ကစားအားကောင်းတဲ့ အသင်းကို အနိုင်ယူခဲ့တာကလည်း ဂုဏ်ယူစရာ တစ်ရပ်ပါပဲ။ မန်ယူလို ထိပ်တန်းအသင်းနဲ့ အကြိုဗိုလ်လုပွဲမှာ ဆုံတွေ့ရတာဟာ အကြိတ်အနယ် ကစားရမယ့် ပွဲကောင်းတစ်ပွဲ ဖြစ်လာပါလိမ့်မယ်" လို့ ပြောကြားသွားပါတယ်။

ကောင်းကောင်းယှဉ်နိုင်မှာပါ

ဘာစီလိုနည်းပြရီကတ်

ကမ္ဘာ့နံပါတ်တစ် တိုက်ဂါးဝုဒ် ငါးလုံးမြောက် မာစတာဖလားဆွတ်ခူးရန်ကြိုးစား

အော်ဂတ်စတာ ဧပြီ ၁၀

ကမ္ဘာ့နံပါတ်တစ် ဂေါက်သီးအားကစားသမား တိုက်ဂါးဝုဒ်က ၄င်းအနေဖြင့် အမေရိကန်နိုင်ငံ ဂျော်ဂျီယာပြည်နယ် အော်ဂတ်စတာမြို့၌ ဧပြီ ၁၀ရက်မှ ၁၃ရက်အထိ ယှဉ်ပြိုင်ကစားလျက်ရှိသည့် (၇၂)ကြိမ်မြောက် မာစတာဂေါက်သီး ရိုက်ပြိုင်ပွဲကြီးတွင် ဖလားရရန် မျှော်လင့်ထားကြောင်း ပြောကြားသည်။**(ယာပုံ)**

တိုက်ဂါးဝုဒ်သည် ယခုနှစ်အတွင်း ပြိုင်ပွဲပေါင်း ရှစ်ပွဲယှဉ်ပြိုင်ကစားခဲ့ရာတွင် ဖလားခုနစ်လုံး ဆွတ်ခူးနိုင်ခဲ့သည်။ ထို အောင်မြင်မှုကပင် တိုက်ဂါးဝုဒ်က အဓိက ဂရင်းဆလမ်းဖလားကြီးကို ဆွတ်ခူးရန် အကောင်းဆုံး လက်စွမ်းရည် ပြသလိုက်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ကြိုးစားနေ

အသက် ၃၂နှစ်ရှိ တိုက်ဂါးဝုဒ်က ပဉ္စမအကြိမ်မြောက် မာစတာဖလားဆွတ်ခူးရန် မျှော်မှန်းထားကြောင်းလည်း ပြောကြားသည်။ ၄င်းသည် ၂၀၀၅ခုနှစ် အထိ လေးလုံးမြောက် မာစတာဖလားကို ဆွတ်ခူးနိုင်ခဲ့သည်။ ယင်းအတွက် တိုက်ဂါးဝုဒ်က ငါးလုံးမြောက် မာစတာ ဖလားဆွတ်ခူးရန် ကြိုးစားနေခြင်းဖြစ်သည်။

သို့သော်လည်း တိုက်ဂါးဝုဒ်သည် အဓိကဖလားကြီး ၁၃လုံးဆွတ်ခူးထားပြီး ဖြစ်သည်။ ဂေါက်သီးအကျော်အမော် ဂျက်နစ်

ကလော့သည် ဂေါက်သီး ကစားသမားဘဝ သက်တမ်းတစ်လျှောက် အဓိကဖလားကြီး ၁၈ လုံးအထိ ဆွတ်ခူးနိုင်ခဲ့သည်။ နစ်ကလော့၏ စံချိန်ကိုမီရန် တိုက်ဂါးဝုဒ် အပြင်းအထန် ကြိုးစားရဦးမည်ဖြစ်သည်။

နစ်ကလော့သည် ၁၉၈၆ခုနှစ် က အသက် ၄၆နှစ်အရွယ်တွင် မာစတာဖလား ခြောက်လုံးအထိ ဆွတ်ခူးထားနိုင်ခဲ့သူ ဖြစ်သည်။ တိုက်ဂါးဝုဒ်သည် နစ်ကလော့၏ မာစတာဖလားဆွတ်ခူးနိုင်ခဲ့သည့် စံချိန်ကိုမီရန် နီးလာပြီ ဆိုသော်လည်း အကြိတ်အနယ် ဆက်လက် ကြိုးစားရဦးမည်ဖြစ်သည်။ **(အင်တာနက်)**

မြန်မာ့အလင်း အင်တာနက်သတင်းအတိုအထွာ

■ ဝက်စ်ဟမ်းအသင်းနည်းပြ ကူဘစ်ရှ်လေသည် ကာတာကလပ်အသင်း အယ်လ်အာဆက်ဒ်မှ ဘာမင်ဂမ်အသင်းသို့ အငှားစာချုပ်ဖြင့် ချထားသော အသက် ၂၁နှစ်အရွယ်ရှိ အာဂျင်တီးနားတိုက်စစ်မှူး မော်ရိုဇာရာတီအား ပေါင် ၁၈သန်းဖြင့်ခေါ်ယူရန် စီစဉ်နေသည်။

➢ **နယူးကာဆယ်အသင်းသည် ယခုနှစ်ရာသီ၌ ရီးရဲမက်ဒရစ်အသင်းတွင် ၁၁ ပွဲသာ ကစားရသေးသူ ဂျာမနီခံစစ်မှူး မက်ဇက်ဒါးလ်အား ပေါင် ၁၀သန်းဖြင့် ခေါ်ယူရန် ဆွေးနွေးလျက်ရှိသည်။**

■ အက်ဖ်အေဖလားဖိုင်နယ်ရောက် ပို့စ်မောက်အသင်းနှင့် ဆန်းဒါးလန်းအသင်း တို့သည် ချယ်လ်ဆီးအသင်းမှ ဆယ်ကျော်သက်တိုက်စစ်မှူး စကော့ဆင်ကလဲ ယားအား ပေါင်လေးသန်းဖြင့်ခေါ်ယူရန် အပြိုင်ကြိုးစားလျက်ရှိသည်။

➢ **ဝီဂန်အသင်း တောင်ပံကစားသမား အန်တိုနီယိုဗလင်စီယာအား ခေါ်ယူလိုပါက ပေါင်ငါးသန်းထက်မက ပေးရလိမ့်မည်ဖြစ်ကြောင်း ဝီဂန်အသင်းနည်းပြ စတီဘရုစ်က မန်စီးတီးအသင်းအား ပြောကြားလိုက်သည်။**

■ ဘန်စလေအသင်းသည် ဆဲလ်တစ်တိုက်စစ်မှူး ဒါရက်ရီယိုဒန်ကိုခေါ်ယူလိုသည် ဟုဆိုသည်။

➢ **ဆန်းဒါးလန်းအသင်းသည် ဖူလ်ဟမ်ကွင်းလယ်ကစားသမား ဂျင်မီဘူးလာဒ့်ကို ခေါ်ယူရန် စိတ်ဝင်စားနေသည်။**

■ အက်စ်တွန်ဗီလာအသင်းသည် ဘိုင်ယန်မြူးနစ်အသင်းမှ ညာနောက်ခံလူ ဝီလီဆက်ဂနောလ်ကို ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်ဆိုသည်။

➢ **ချယ်လ်ဆီးအသင်းသည် ဂိုးသမားအခက်အခဲပြဿနာကို ဖြေရှင်းရန် မန်စီးတီးမှ အိုင်ဆက်ခ်ဆန် သို့မဟုတ် အက်စ်တွန်ဗီလာမှ ဆိုရင်ဆင်တို့ကို အမြန်ခေါ်ယူဖွယ်ရှိသည်။**

■ ချယ်လ်ဆီးမှ ရှက်ဗ်ချင်ကိုသည် အေစီမီလန်သို့ ပြန်လာမည်ဆိုခြင်းမှာ ဖြစ်နိုင်ဖွယ်ရှိကြောင်း အေစီမီလန်အသင်းဥက္ကဋ္ဌ ဘာလူစကိုနီက ပြောကြားခဲ့သည်။

➢ **ဘလက်ဘန်းတိုက်စစ်မှူး မက်ကာသီသည် အသင်းနှင့် တစ်ပတ်လျှင် လုပ်ခ ပေါင် ၄၀၀၀၀တန် စာချုပ်သစ်ချုပ်ဆိုရန် သဘောတူခဲ့ပြီးဖြစ်သဖြင့် ယင်းစာချုပ်အရ အသင်းတွင် ၂၀၁၁ခုနှစ်အထိ ရှိနေမည်ဖြစ်သည်။**

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)၏ အဆင့်သတ်မှတ်ချက်

ဂျီနီဗာ ဧပြီ ၁၀

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)က ကမ္ဘာ့ဘောလုံးအသင်းများ၏ အဆင့်သတ်မှတ်ချက်ကို ဧပြီ ၁၀ရက်၌ ထုတ်ပြန်လိုက်သည်။

အဆင့်	အသင်း	ရမှတ်
၁	အာဂျင်တီးနား	၁၅၁၉
၂	ဘရာဇီး	၁၅၀၉
၃	အီတလီ	၁၃၉၁
၄	စပိန်	၁၃၁၉
၅	ဂျာမနီ	၁၂၆၁
၆	ချက်	၁၂၃၄
၇	ပြင်သစ်	၁၂၀၅
၈	ဂရိ	၁၁၈၇
၉	ပေါ်တူဂီ	၁၁၂၀
၁၀	နယ်သာလန်	၁၁၂၄
၁၁	အင်္ဂလန်	၁၀၉၈

(အင်တာနက်)

မောင်မောင်မြင့်ဆွေ ရေးသားသည်

မာရီယာရှာရာပိုဗာ အနိုင်ပွဲပြန်စနိုင်ပြီ

ဖလော်ရီဒါ ဧပြီ ၁၀

ရုရှားနာမည်ကြီး တင်းနစ်အားကစားမယ် မာရီယာရှာရာပိုဗာ(**အောက်ပုံ**)သည် အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် အမီလီယာကျွန်း၌ကျင်းပသည့် ဒဗလျူတီအေတင်း နစ်ချန်ပီယံရှစ် ပြိုင်ပွဲအဖွင့် ပွဲစဉ်တွင် ချက်သမ္မတနိုင်ငံမှ တင်းနစ်အားကစားမယ် စထရီကိုဗာအား ၆-၁၊ ၆-၃ဖြင့် အနိုင်ရရှိခဲ့သည်။

ရှာရာပိုဗာသည် ၂၀၀၈ခုနှစ်အတွင်း ပွဲပေါင်း ၁၉ပွဲကစားရာတွင် ၁၈ပွဲအနိုင် ရရှိထားသည်။ သို့သော်လည်း ၄င်းသည် လွန်ခဲ့သော သီတင်းပတ်က ဆိုနီအဲရစ်ဆင်ပြိုင်ပွဲတွင် ပခုံးဒဏ်ရာရရှိထား၍ ပြိုင်ပွဲမှထွက်ခဲ့ရသည်၊ **(အင်တာနက်)**

ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲ ချယ်လ်ဆီးက လီဗာပူးကို ရှုံးကြွေးဆပ်မည်လော

လန်ဒန် ဧပြီ ၁၀

အပြာရောင် ချယ်လ်ဆီးအသင်းသည် ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲတွင် လီဗာပူး အသင်းကို ရှုံးကြွေးဆပ်မည်ဖြစ်ကြောင်း ချယ်ဆီးကွင်းလယ်ကစားသမား လမ်းပတ်က အခိုင်အမာ ပြောကြားလိုက်သည်။

ချယ်လ်ဆီးအသင်းသည် ပြီးခဲ့သည့် နှစ် ချန်ပီယံလိဂ်တွင် လီဗာပူးနှင့်ဆုံတွေ့ ရာ၌ အနိုင်မကစားနိုင်ခဲ့ပေ။ ယခုနှစ်တွင် လည်း ချယ်လ်ဆီးနှင့် လီဗာပူးတို့ ဆုံတွေ့ ကြပြီဖြစ်သည်။ ယင်းအတွက် ရှုံးကြွေး ဆပ်ရန် အခွင့်အလမ်းကြုံပြီဖြစ်ကြောင်း အသက် ၂၉နှစ်ရှိ ကွင်းလယ်ကစားသမား လမ်းပတ်က ပြောသည်။

တက်ရောက်

ချယ်လ်ဆီးအသင်းသည် ချန်ပီယံ လိဂ်ကွာတားဖိုင်နယ်ပွဲတွင် တူရကီကလပ် ဖီနာဘာချီအသင်းကိုဒုတိယအကျော့ကစား ရာ၌ နှစ်ဂိုး-ဂိုးမရှိဖြင့်နိုင်ပြီး အကြိုဗိုလ်လုပွဲ တက်ရောက်လာခြင်းဖြစ်သည်။ ထိုသို့ ချယ်လ်ဆီးလ်အသင်းအကြိုဗိုလ်လုပွဲတက် ရောက်နိုင်ခြင်းမှာ ငါးနှစ်အတွင်းစတုတ္ထ အကြိမ်မြောက် တက်ရောက်နိုင်ခြင်းဖြစ် သည်။

ပယ်နယ်တီဖြင့်နိုင်

သို့သော်လည်း ဗိုလ်လုပွဲသို့ရောက်ရှိ ရန်ကြိုးစားရာတွင် လီဗာပူးနှင့်ဆုံတွေ့ သည့်အခါ မအောင်မြင်ဘဲဖြစ်ခဲ့ရသည်။ ပြီးခဲ့သည့်နှစ်တွင် လီဗာပူးက ချယ်လ်ဆီး ကို နှစ်ကျော့ပေါင်းတစ်ဖက်တစ်ဂိုးစီသရေ ကစားခဲ့သော်လည်း လီဗာပူးက အဝေးဂိုး အနိုင်ရပြီး ဗိုလ်လုပွဲတက်ရောက်ခဲ့သည်။ လီဗာပူး ရရှိသော အဝေးဂိုးမှာလည်း ပယ်နယ်တီဖြင့်နိုင်ခဲ့ခြင်းဖြစ်သည်။

၂၀၀၅ခုနှစ်ကလည်း ချယ်လ်ဆီးနှင့် လီဗာပူးတို့ဆုံတွေ့ခဲ့ကြသေးသည်။ ထိုနှစ် ကလည်း ချယ်လ်ဆီးတို့ လူးဝစ်ဂါစီယာ၏ အငြင်းပွားဖွယ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီး အကြို ဗိုလ်လုပွဲမှ ထွက်ခဲ့ရသည်။

ကွင်းလယ်ကစားသမားလမ်းပတ်

လွှမ်းမိုးထား

လမ်းပတ်သည် ဖီနာဘာချီအသင်း နှင့်ကစားသည့် ကွာတားဖိုင်နယ်ပွဲတွင် အနိုင်ဂိုး သွင်းယူပေးခဲ့သူ ဖြစ်သည်။ လီဗာပူးတို့အနေဖြင့် ယခင်ကအနိုင်ရခဲ့မှု များကို ယခုနှစ်တွင် ဆက်လက်လွှမ်းမိုး ထားရန်မှာ မဖြစ်နိုင်သည့်ကိစ္စသာဖြစ် ကြောင်း လမ်းပတ်ကပြောကြားသည်။

ကစားမည်

ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲများကို ဧပြီ၂၂ရက် နှင့် ၂၃ရက်တို့တွင် ပထမ အကျော့ပွဲစဉ်များကိုလည်းကောင်း၊ ဧပြီ ၂၉ ရက်နှင့်၃၀ ရက်တို့တွင် ဒုတိယအကျော့ပွဲ စဉ်များကို လည်းကောင်း ယှဉ်ပြိုင်ကစား မည်ဖြစ်ကြောင်း သိရသည်။

(အင်တာနက်)

မြင့်မောင်စိုး စုစည်းသည်

ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း(၂၀၀၈) အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ မဲပုံးစစ်ဆေးခြင်း၊ ဆ

ပြည်လုံးကျွတ် ဆန္ဒခံယူပွဲအတွက် နေပြည်တော် ပျဉ်းမနား ဇေယျာသိဒ္ဓိရပ်ကွက် မဲရုံအမှတ်(၁)၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း (၂၀၀၈) အတည်ပြုရေး ပြည်လုံးကျွတ် ဆန္ဒခံယူပွဲဥပဒေ၊ နည်းဥပဒေစာအုပ်များနှင့် လမ်းညွှန်စာအုပ်များ ခင်းကျင်းပြသထားစဉ်။ (သတင်းစဉ်)

ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင် အဖွဲ့ဝင် ဒေါက်တာ တင်အောင်အေး မြစ်ကြီးနားမြို့ ရှမ်းစု (မြောက်)ရပ်ကွက် ဓမ္မာရုံရှိ မဲရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကချင်ပြည်နယ်၌ ဆန္ဒမဲပေးမှုသရုပ်ပြ

မြစ်ကြီးနားမြို့ ရှမ်းစု (မြောက်)ရပ်ကွက် ဓမ္မာရုံရှိ မဲရုံတွင် ဆန္ဒမဲပေးမှုသရုပ်ပြစဉ်။ (သတင်းစဉ်)

မွန်ပြည်နယ်၌ ဆန္ဒမဲပေးမှုသရုပ်ပြ

ပြည်လုံးကျွတ် ဆန္ဒခံယူပွဲအတွက် မော်လမြိုင်မြို့နယ် အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်းရှိ စစ်ကဲကုန်းရပ်ကွက် မဲရုံအမှတ်(၁)တွင် ဆန္ဒမဲပေးမှု သရုပ်ပြစဉ်။ (သတင်းစဉ်)

စာအုပ်များကြည့်ရှုစစ်ဆေး

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ဝင် ဦးတင်မောင် မန္တလေးမြို့ အမျိုးသားကဇာတ်ရုံ၌ကျင်းပသည့် ဆန္ဒမဲပေးမှုသရုပ်ပြပွဲတွင် ပြသထားသော စာအုပ်များကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရှမ်းပြည်နယ်(တောင်ပိုင်း)၌ ဆန္ဒမဲပေးမှုသရုပ်ပြ

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲအတွက် တောင်ကြီးမြို့ ကျောင်းကြီးစုရပ်ကွက် မဲရုံအမှတ်(၁)၌ သက်ကြီးရွယ်အိုနာမကျန်းသူများအား ကျန်းမာရေးကူညီစောင့်ရှောက်မှုဖြင့် ဆန္ဒမဲပေးမှု သရုပ်ပြစဉ်။ (သတင်းစဉ်)

မန္တလေးတိုင်း၌ ဆန္ဒမဲပေးမှုသရုပ်ပြ

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ

သရုပ်ပြစဉ်။

မဲပုံးစစ်ဆေးခြင်း၊ ဆန္ဒမဲပေးခြင်း၊ မဲရုံပိတ်သိမ်းခြင်း၊ ဆန္ဒမဲရေတွက်ခြင်း သရုပ်ပြမှတ်တမ်းဓာတ်ပုံများ

နေပြည်တော်၌ ဆန္ဒမဲပေးမှုသရုပ်ပြ

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲအတွက် နေပြည်တော် ပျဉ်းမနား ဇေယျာ သိဒ္ဓိရပ်ကွက် မဲရုံအမှတ်(၁)၌ ဆန္ဒမဲပေးမှု သရုပ်ပြစဉ်။ (သတင်းစဉ်)

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲအတွက် နေပြည်တော် ပျဉ်းမနား ဇေယျာ သိဒ္ဓိရပ်ကွက် မဲရုံအမှတ်(၁)၌ ဆန္ဒမဲပေးမှု သရုပ်ပြစဉ်။ (သတင်းစဉ်)

သက်ကြီးရွယ်အိုများနှင့် မသန်မစွမ်းသူများ ပါဝင်မဲပေးနိုင်ရေး ဆောင်ရွက်မည့်ပုံစံဖြင့် မော်လမြိုင်မြို့၌ သရုပ်ပြဆောင်ရွက်စဉ်။ (သတင်းစဉ်)

မဲပုံးများ စစ်ဆေးမှုသရုပ်ပြ

ပြည်လုံးကျွတ် ဆန္ဒခံယူပွဲအတွက် ရန်ကုန်မြို့ ဒဂုံမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းဝင်း၌ မဲပုံးများ စစ်ဆေးမှုသရုပ်ပြစဉ်။ (သတင်းစဉ်)

ိုင်း၌
သရုပ်ပြ

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲအတွက် မန္တလေးမြို့ အမျိုးသားကဇာတ်ရုံ၌ ဆန္ဒမဲပေးမှု သရုပ်ပြစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်း၌ ဆန္ဒမဲပေးမှုသရုပ်ပြ

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲအတွက် ရန်ကုန်မြို့ ဒဂုံမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းဝင်း၌ ဆန္ဒမဲပေးမှု သရုပ်ပြစဉ်။ (သတင်းစဉ်)

ပြည်လုံးကျွတ် ဆန္ဒခံယူပွဲအတွက် ရန်ကုန်မြို့ ဒဂုံမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းဝင်း၌ သက်ကြီးရွယ်အို နာမကျန်းသူများ ကျန်းမာရေး ကူညီစောင့်ရှောက်မှုဖြင့် ဆန္ဒမဲပေးမှုသရုပ်ပြစဉ်။ (သတင်းစဉ်)

11-4 (09).pmd 1 4/11/2008, 3:39 AM

နှစ်ဦးအစ တန်ခူးလတာသင်္ကြန်

ဦးကျော်စိန် (မန္တလေး)

နှစ်ဦးအစ တန်ခူးလသည် ပူပြင်းခြောက်သွေ့သောလဖြစ်၏။ ရှေ့တစ်နှစ်ကုန်၍ နောက်တစ်နှစ်အတွက် ပြန်စသောလဖြစ်သည်။ ဤသို့ တစ်နှစ်ကုန်၍ နောက်တစ်နှစ်ပြန်စခြင်းသည် နှစ်ဟောင်းကုန်၍ နှစ်သစ်ပြန်စခြင်း ဖြစ်၏။ ဤနှစ်ဟောင်းမှ နှစ်သစ်ပြန်စမည့်အချိန်ကလေးအတွင်း၌ **"သင်္ကန္တ"** ဟူသော ပြောင်းလဲမှုအရ **"သင်္ကြန်ကျသည်"** ဟုဆိုပါ၏။ သင်္ကြန်သည် သင်္ကန္တဟူသော ပါဠိသက်ဝေါဟာရမှလာသည်။ သက္ကတ ရရစ်သံနှင့် သင်္ကြန်ဟူသော မြန်မာစကား ဖြစ်ပေါ်လာခြင်းဖြစ်၏။ **"နှစ်ဟောင်းမှနှစ်သစ်သို့ ကူးပြောင်းသည်"** ဟူသော အနက်အဓိပ္ပာယ်ရပါသည်။ နှစ်သစ်ကိုကြိုဆိုသည့်သဘောဖြင့် မြန်မာလူမျိုးတို့သည် ရေပက်ကစားကြသည်။ လာမည့်နှစ်သစ်တွင် အညစ်အကြေး ဘေးဘယာများ ကင်းစင်၍၊ ကြည်လင်အေးမြစေရန် ရည်သန်သည့်သဘောဖြစ်၏။ လူကြီး မိဘ၊ ဆရာသမားတို့အား ပူဇော်ကန်တော့ခြင်း၊ အိမ်တွင်း အိမ်ပြင်ရှိ အညစ်အကြေး အမှိုက်သရိုက်များကို ရှင်းလင်းခြင်း၊ ဦးခေါင်းဆေးလျှော်ခြင်း၊ စေတီပုထိုးကျောင်းကန်များသို့ သွားရောက်၍ ဥပုသ်သီတင်းဆောက်တည်ကာ ဒါနပြုခြင်း၊ ဘုရားပုထိုး ရုပ်ပွားတော်များကို ရေသပ္ပာယ်ခြင်းများ ပြုလုပ်ကြသည်။

သာသနာဝင်ကျမ်းတို့၌ အတာကူးသော တန်ခူးလအခါ ကပိလဝတ်ပြည်တွင်နေကုန်သော သာကီဝင်မင်းတို့သည် နှလုံးမွေ့လျော်ဖွယ်ရှိသော ဒေဝဒဟရေအိုင်ကြီးအနီး၌ မင်းတဲဆောက်၍ ရေဖျန်းသဘင် ပျော်ရွှင်စွာကစားကြသည်ဟုဆို၏။ မဟာရာဇဝင်ကျမ်းတွင်လည်း ပုဂံပြည်နရသီဟပတေ့မင်း လက်ထက် နွေလအခါ ရေဖျန်းကစားမြဲဖြစ်ကြောင်း ဆိုသည်။ တန်ခူးလ နှစ်သစ်ကူးပွဲတော်၌ မြန်မာလူမျိုးတို့သည် နံ့သာရည်များဖြင့် တစ်ဦးနှင့်တစ်ဦး သွန်းလောင်းပျော်မြူးလေ့ရှိပုံကို အင်းဝမြို့ဘွဲ့ ဆယ့်နှစ်ရာသီ လူးတားတွင်-

တောင်လေသုတ်ဖြူး၊ လတန်ခူးမူ၊ မြူးတူးပျော်ရွှင်၊ တာသဘင်ဝယ်၊ ဆင်ယင်တုပ၊ လွရရွှတည့်။ ငြိမ့်မျှစောင်းငြင်း၊ အဲသီချင်းနှင့်၊ ထုံသင်းနံ့သာ၊ ရေသီတာဝယ်၊ စမွါကရမက်၊ ပန်းပေါင်းဖက်၍၊ ရွှေခွက်အပြည့်၊ မွှေးမျိုးထည့်မှ၊ လည်လှည့်ဆူလှယ်၊ တင်စမွယ်လျက်၊ ပြုံးရယ်ရွှင်အား၊ စံပျော်ပါးသည်၊ ကစားထုံရည်၊ဖျန်းတည့်လေး။ ပွင့်လင်းစည်သည်၊ ရွှေပြည်ရွှေဝနန်းတည့်လေး ဟူ၍ ဖွဲ့ဆိုထားပါသည်။

မြန်မာလူမျိုးတို့၏ ကျင်းပမြဲဖြစ်သော ဆယ့်နှစ်လရာသီ ပွဲတော်များတွင် **"သင်္ကြန်ရေသဘင်ပွဲတော်"** သည် အလွန်ကြီးကျယ်စည်ကားသော အမျိုးသားပွဲတော်တစ်ခု ဖြစ်ပါသည်။ မြန်မာတို့သည် သင်္ကြန်ချိန်၌ နတ်ပြည်မှ သိကြားမင်း လူ့ပြည်သို့ ခေတ္တဆင်းသက်လာသည်ဟု ယုံကြည်ကြ၏။ သင်္ကြန်ကျချိန်/တက်ချိန်ဖြစ်လာပုံ အချက်များကို သိရှိလိုပါမူ သူရိယသိဒ္ဓန္တကျမ်း၊ သံဒိဋ္ဌကျမ်း စသော ဗေဒင်တွက်ရိုးကျမ်းများကို လေ့လာရန် လိုပေသည်။ အတာသင်္ကြန်တစ်ကြိမ်မှ နောက်တစ်ကြိမ်ကာလသည် **"တစ်နှစ်"** အပိုင်းအခြားကာလဖြစ်၏။ စကြဝဠာအတွင်းရှိ ဂြိုဟ်နက္ခတ်တာရာများတွင် အပါအဝင်ဖြစ်သော ကျွန်ုပ်တို့၏ ကမ္ဘာမြေကြီးသည် သူရိယနေမင်းကို ဗဟိုပြု၍ လှည့်လည်သွားသည့်အခါ တစ်ပတ်မြောက်ကာလသည် တစ်နှစ်အပိုင်းအခြားကာလဖြစ်သည်။ ယင်းကာလအပိုင်းအခြားသည် ၃၆၅ရက် ၆နာရီ ၁၂မိနစ် ၃၇စက္ကန့်ဖြစ်၏။ ယင်းကဲ့သို့လှည့်လည်ရာ **"နေသွားလမ်းစက်ဝိုင်းတွင် ရာသီ ၁၂ပိုင်း ပိုင်းခြား၍ ပထမရာသီအစ သုညအံသာသည် အဿဝဏီ နက္ခတ်နှင့် တနင်္ဂနွေ ရဝိဖုဋ္ဌဂြိုဟ်ယှဉ်သည့်အချိန်တွင် အတာသင်္ကြန်ကျ၍ ရပ်မချဂြိုဟ်ယှဉ်သည့် အချိန်တွင် အတာသင်္ကြန်တက်၏"** ဟူ၍ သင်္ကြန်တွက်ရိုးကျမ်းတို့တွင် ဖော်ပြထားပါသည်။

ရေ၊ မြေ၊ တော၊ တောင် သစ်ပင်စသော ရုပ်ပိုင်းဆိုင်ရာ ဩကာသလောကသည် ဖြစ်မှု၊ပျက်မှုနှစ်ပိုင်းဖြင့် အစဉ်ပြောင်းလဲနေ၏။ ချောင်းထဲ၌ရှိသော ရေသည် တသွင်သွင်စီးဆင်းနေသဖြင့် ရှေ့ဖြစ်သောရေ ပျောက်ပျက်သွားလျှင် နောက်ဖြစ်သောရေက အစားထိုးခြင်းဖြင့် ဖြစ်ပေါ်ပြောင်းလဲနေ၏။ မြေ၊ တော၊ တောင်တို့၏ ပြောင်းလဲမှုသဘောသည်လည်း ရေကဲ့သို့ပင် ဖြစ်မှု၊ ပျက်မှု အစဉ်ဖြင့်ပင် ပြောင်းလဲနေ၏။ သစ်ပင်စသည်တို့၏ ဖြစ်ပေါ်ပြီးသော အဟောင်းအဟောင်းအရွက်များသည် ရင့်ရော်ကြွေကျ ပျက်စီးသွားလျှင် အသစ်အသစ်အရွက်များသည် အစားထိုးသော ဖြစ်မှု၊ပျက်မှု အစဉ်ဖြင့် ပြောင်းလဲ နေ၏။ ဤသို့ ရုပ်ပိုင်းဆိုင်ရာ ဩကာသလောကသည် ဖြစ်မှု၊ပျက်မှုအစဉ်ဖြင့် ပြောင်းလဲနေခြင်းပင် ဖြစ်၏။

နာမ်တရားပိုင်းဆိုင်ရာသည်လည်း ဖြစ်မှု၊ပျက်မှုအစဉ်ဖြင့်ပင် ပြောင်းလဲနေ၏။ နာမ်တရားပိုင်းဆိုင်ရာ စိတ်ဓာတ်တရား၏ ပြောင်းလဲမှုနှုန်းမှာ **"ဖြစ်၊ တည်၊ ပျက်"** အချိန်မျှသာ ဖြစ်၏။ အလွန်တိုတောင်း၏။ ရုပ်ဓာတ်တရား၏ ပြောင်းလဲနှုန်းမှာ **"ဖြစ်၊ တည်၊ ပျက်"** ပေါင်း (၅၁)ချက် အချိန်ထိကြာ၏။ ထို့ကြောင့် ရုပ်ဓာတ်နှင့် စိတ်ဓာတ်တို့ ပြောင်းလဲဖြစ်စဉ်နှုန်းမှာ ဤသို့ခြားနားလေ၏။ သတ္တလောကသည် ရုပ်၊ နာမ် နှစ်ပါးနှင့်ဆိုင်သော လောကဖြစ်ရာ ရုပ်၊ နာမ် နှစ်ပါးဖြင့် ဖွဲ့စည်းထားသော သတ္တဝါအပေါင်းသည် အချိန်အခါမလပ်ဖြစ်မှု၊ ပျက်မှုအစဉ်ဖြင့် ရှင်သန်ပြောင်းလဲနေရခြင်းဖြစ်၏။ သို့ဖြစ်၍ ဩကာသလောကနှင့် သတ္တလောကနှစ်ပါးသည် ဖြစ်မှု၊ ပျက်မှု သဘောအစဉ်ဖြင့် ပြောင်းလဲရှင်သန် တည်ရှိနေခြင်းသာ ဖြစ်၏။ ဤလောကနှစ်ပါး၏ ဖြစ်မှု၊ပျက်မှု အစဉ်ဖြင့်ပြောင်းလဲမှုကြီးသည် **"သင်္ကန္တ"** ဟူသော ပြောင်းလဲမှုအရ **"လောကသင်္ကြန်"** ဟု ဆိုရမည်ဖြစ်ပါ၏။

လူ့ဘဝသဘောအရ လူသည် အမိဝမ်းတွင်း၌ ကိုးလနေပြီး ၁၀လမှာ မွေးဖွား၏။ ဤသည်မှစ၍ ရက်၊ လ၊ နှစ် အဆင့်ဆင့် ဖြစ်စဉ်ဖြင့် တစ်နှစ်သားဘဝ၊ နှစ်နှစ်သားဘဝမှစ၍ နှစ် ၅၀၊၁၀၀ သို့တိုင်အောင် ပြောင်းလဲလာခြင်းဖြစ်၏။ ဤဘဝသက်တမ်းအတွင်း၌ပင် မိမိတို့ဘဝ ရှင်သန်ကြီးပွား တိုးတက်ရေးအတွက် ပထမအရွယ် ပညာရှာရခြင်း၊ ဒုတိယအရွယ် ဥစ္စာရှာရခြင်း၊ တတိယအရွယ် တရားရှာရခြင်း စသော လူ့ဘဝအမျိုးမျိုးကို သက်တမ်းကုန်ဆုံးသည်အထိ လောကဓံတရားနှင့်အညီ ဖြစ်မှုပျက်မှုအစဉ်ဖြင့် ပြောင်းလဲလှုပ်ရှား နေကြရ၏။ ဤလူ့ဘဝသက်တမ်း၏ ဖြစ်မှု၊ ပျက်မှုအစဉ်ဖြင့် ပြောင်းလဲမှုကြီးသည် **"သင်္ကန္တ"** ဟူသော ပြောင်းလဲမှုအရ **"ဘဝသင်္ကြန်"** ဟု ဆိုရမည် ဖြစ်ပါ၏။

နှစ်ဟောင်းလွန်၍ နှစ်သစ်ကူးသည့်ပထမနေ့ကို **"နှစ်ဆန်းတစ်ရက်နေ့"** ဟု ခေါ်ကြ၏။ နှစ်ဦးအစဖြစ်သည့်တန်ခူးလရာသီတွင်မင်္ဂလာယူသောအားဖြင့် နှစ်ဆန်းတစ်ရက်နေ့ကို "နှစ်သစ်မင်္ဂလာအခါတော်နေ့" အဖြစ်ကျင်းပကြပါသည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော ဗုဒ္ဓဘာသာဝင်သူတော်စင်တို့သည် နှစ်စဉ် နှစ်ဆန်းတစ်ရက်နေ့ရောက်တိုင်း နှစ်သစ်မင်္ဂလာအခါတော်နေ့ကို နေရာဒေသအလိုက် ကျင်းပကြကုန်လျက် စေတီပုထိုး ရုပ်ပွားဆင်းတုတော်များအား ရေသပ္ပာယ်ခြင်း၊ ကျောင်းကန်ဘုရားသို့ သွားရောက်၍ ရေကုသိုလ်ပြုခြင်း၊ သက်ကြီးရွယ်အို အဘိုးအဘွားတို့အား ဂါရဝပြုခြင်း၊ ဝေယျာဝစ္စပြုလုပ်ခြင်း၊ ဇီဝိတဒါန သက်လွှတ်ပွဲများ ပြုလုပ်ခြင်း၊ ကျေးရွာအလိုက်၊ ရပ်ကွက်အလိုက်၊ မြို့နယ်အလိုက် ပရိတ်တရားတော်များ နာယူခြင်း စသော ကုသိုလ်ကောင်းမှုများကို ဆည်းပူးပြုလုပ် အားထုတ်ကြပါသည်။

ထို့ကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း၌ သဘာဝဘေးဆိုးကြီးများ ကျရောက်ခြင်းမရှိသကဲ့သို့ ဒုဗ္ဘိက္ခန္တရကပ်၊ ရောဂန္တရကပ်၊ သတ္ထန္တရကပ်တည်းဟူသော ကပ်ကြီးသုံးပါးမှလည်း ကင်းဝေးခဲ့ကြရသည်။ ဤနှစ်သစ်မင်္ဂလာအချိန်အခါတွင်-

(၁) ကမ္ဘာသူ ကမ္ဘာသားများမှာ မကောင်းသော အနိဋ္ဌာရုံများ ပပျောက်၍ ကောင်းမြတ်သော ဣဋ္ဌမင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ။

(၂) ဘေးဥပဒ်အန္တရာယ်တို့မှ ကင်းဝေးကြပါစေ။

(၃) မကောင်းသောစိတ်ဓာတ်များကို ဖယ်ရှား၍ ကောင်းမြတ်သော စိတ်ဓာတ်များကို မွေးမြူနိုင်ကြပါစေ။

(၄) သုံးဆယ့်ရှစ်ဖြာ မင်္ဂလာတရားတော်များ ထွန်းကားပြန့်ပွား၍ မင်္ဂလာတရားတော်နှင့်အညီ လိုက်နာကျင့်သုံးလျက် ကောင်းမြတ်သော အကျိုးတရားတို့ကို ရရှိခံစားနိုင်ကြပါစေ

ဟုဆုတောင်းပတ္ထနာပြုလိုက်ရပါသည်။ ။

သင်္ကြန်သည် သင်္ကန္တဟူသော ပါဠိသက်ဝေါဟာရမှလာသည်။ သက္ကတ ရရစ်သံနှင့် သင်္ကြန်ဟူသော မြန်မာစကားဖြစ်ပေါ်လာခြင်းဖြစ်၏။ "နှစ်ဟောင်းမှနှစ်သစ်သို့ကူးပြောင်းသည်" ဟူသော အနက်အဓိပ္ပာယ်ရပါသည်။ နှစ်သစ်ကိုကြိုဆိုသည့်သဘောဖြင့် မြန်မာလူမျိုးတို့သည် ရေပက်ကစားကြသည်။ လာမည့်နှစ်သစ်တွင် အညစ်အကြေး ဘေးဘယာများ ကင်းစင်၍၊ ကြည်လင်အေးမြစေရန် ရည်သန်သည့်သဘော ဖြစ်၏။ လူကြီးမိဘ၊ ဆရာသမားတို့အား ပူဇော်ကန်တော့ခြင်း၊ အိမ်တွင်း အိမ်ပြင်ရှိ အညစ်အကြေး အမှိုက်သရိုက်များကို ရှင်းလင်းခြင်း၊ ဦးခေါင်းဆေးလျှော်ခြင်း၊ စေတီပုထိုးကျောင်းကန်များသို့ သွားရောက်၍ ဥပုသ်သီတင်းဆောက်တည်ကာ ဒါနပြုခြင်း၊ ဘုရားပုထိုး ရုပ်ပွားတော်များကို ရေသပ္ပာယ်ခြင်းများ ပြုလုပ်ကြသည်။

တောင်ဥက္ကလာပမြို့နယ် ဥက္ကလာပစေတီတော် မြောက်ဘက်အာရုံခံတန်ဆောင်း တည်ဆောက်ရန် တောင်ဥက္ကလာပမြို့နယ် (၇)ရပ်ကွက် သံသုမာလမ်းနေ ဦးအောင်သန်း၊ ဒေါ်အုံးမိသားစုက အလှူငွေကျပ်သုံးသိန်းကို ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမျိုးဝင်းနှင့် တွဲဖက်အတွင်းရေးမှူး ဦးကိုရည်တို့ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ယာဉ်မတော်တဆမှုလျော့နည်းပပျောက်ရေး စစ်ဆေး

ရန်ကုန် ဧပြီ ၁၀

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာန ရန်ကုန်အနောက်ပိုင်းခရိုင်ရုံးမှ ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူးဦးသိန်းဝင်းနှင့် အဖွဲ့သည် မြန်မာနိုင်ငံရဲတပ်ဖွဲ့ သဃ်န်းကျွန်း ယာဉ်ထိန်းတပ်ဖွဲ့တို့နှင့် ပူးပေါင်း၍ ယာဉ်မတော်တဆမှုလျော့နည်းပပျောက်ရေး ကြိုတင်ကာကွယ်မှုအနေဖြင့် မတ် ၄ရက်က တောင်ဥက္ကလာဂေါက်ကွင်းအနီး သံသုမာလမ်းပေါ်တွင် ယာဉ်နှင့်ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များ သတ်မှတ်လိုင်စင် ရှိမရှိ၊ ယာဉ်ကြံ့ခိုင်မှု ရှိမရှိ၊ သက်တမ်းကျော်လွန်မှု ရှိမရှိတို့ကို ကြီးကြပ်စစ်ဆေးပြီး **(အပေါ်ပုံ)** ယာဉ်မဆင်မခြင်မောင်းနှင်ခြင်းမပြုရေး၊ မူးယစ်သောက်စားပြီး မောင်းနှင်ခြင်းမပြုရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများနှင့်အညီ စနစ်တကျသတိပြုမောင်းနှင်ကြရန် ပညာပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (က-ပ)

ရန်ကုန်တိုင်း မင်္ဂလာတောင်ညွန့်မြို့နယ် ပုသိမ်ညွန့်ရပ်ကွက် (၈)လမ်း အမှတ်(၁၀) နေ ဦးအေးသိန်း-ဒေါ်ရည်ရည်မြင့်နှင့် သား အာကာမိုးဦး၊ မိုဇန်နိုးဦး မိသားစုက (၄၅)နှစ်မြောက်မွေးနေ့အလှူအဖြစ် ငွေကျပ်သိန်း ၄၀ အကုန်အကျခံတည်ဆောက်ခဲ့သည့် တာမွေမြို့နယ် ပုသိမ်ညွန့်စံပြရပ်ကွက် မြို့ပတ်လမ်းရှိ မေတ္တာပေါင်းကူးတံတားကို မတ် ၂၇ရက်က တာမွေမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိန်မောင်ဝင်းက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (က-ပ)

မွမ်းမံသင်တန်းဖွင့်

ရန်ကုန် ဧပြီ ၁၀

လှိုင်လင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးဖွင့်လှစ်သော ရပ်ကွက်၊ကျေးရွာအုပ်စု ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ မွမ်းမံသင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၄ရက်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ရုံးသင်တန်းခန်းမ၌ ကျင်းပသည်။

သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၄၅ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ် ကြာမြင့်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ဘော့စ်ဘောအားကစားနည်း ပိုမိုဖွံ့ဖြိုး တိုးတက်ရေးအတွက် မျိုးဆက်သစ် လူငယ်များကို မွေးထုတ်သင်ကြားပေးလျက်ရှိ

သတင်းဆောင်းပါး - မောင်မောင်ထွေး | စာမျက်နှာဖွဲ့စည်းမှု - ထိန်လင်း

ရန်ကုန် ဧပြီ ၁၀

နိုင်ငံတကာအားကစားနည်း တစ်ခုဖြစ်သည့် ဘော့စ်ဘော အားကစားနည်း ပိုမိုဖွံ့ဖြိုးစေရေးအတွက် Dream 24 ဘော့စ်ဘော ကလပ်အသင်းက တစ်ဖက်တစ်လမ်းမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

Dream 24 ဘော့စ်ဘောကလပ်အသင်းမှ မျိုးဆက်သစ်လူငယ်များ ကျိုက္ကဆံကွင်းတွင် ဤသို့ လေ့ကျင့်ခဲ့ကြသည်။

Dream 24 ဘော့စ်ဘောကလပ်ကို မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ၊ အားကစားဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ၂၀၀၆ခုနှစ် မတ်၁၃ရက်၌ စတင်ဖွဲ့စည်းခဲ့ပြီး ပန်းကမ္ဘာကုမ္ပဏီ(ဂျပန်နိုင်ငံ)ဥက္ကဋ္ဌ ဦးထင်အောင်ကျော်က ပံ့ပိုးကူညီပေးပြီး ကလပ်အသင်းဥက္ကဋ္ဌအဖြစ် ဦးကျော်ဆန်းလှိုင်၊ မန်နေဂျာ ဦးမြတ်ဖြိုးထွန်းနှင့် နည်းပြချုပ် ကိုရီးယား နိုင်ငံသား Samule park တို့က နည်းစနစ်များကို စာတွေ့ လက်တွေ့ သင်ကြားပေးလျက်ရှိသည်။

ထူးခြားချက်

Dream 24 ဘော့စ်ဘော ကလပ်အသင်း၏ ထူးခြားချက်မှာ မျိုးဆက်လူငယ်ကစားသမားများကို မွေးထုတ်နိုင်ရန် သင်တန်းကာလများသတ်မှတ်၍ အခမဲ့ လေ့ကျင့်ပေးနေခြင်းဖြစ်သည်။ ယခုလက်ရှိ မျိုးဆက်သစ်လူငယ် အားကစားသမားလေးများ စုစုပေါင်း ၉၀ရှိပြီး တောင်ဥက္ကလာပမြို့နယ် (၉)ရပ်ကွက်၊ အထက (၂) (ရန်ကင်း)၊ သန်လျင်မြို့နယ် အမှတ် (၇)ဘုန်းတော်ကြီးသင် ပညာရေးကျောင်းနှင့် သာကေတမြို့နယ် မှန်ကင်းပရဟိတကျောင်းတို့မှ ကလေးငယ်များ ပါဝင်ကြသည်။

သင်ကြား

အဆိုပါ ကလေးငယ်များကို အားကစားဝတ်စုံမှ ကြိုပို့ပေးသည်အထိ တာဝန်ယူပြီး ယခုနွေရာသီကျောင်းပိတ်ရက်ကာလအတွင်း တနင်္လာနေ့မှ သောကြာနေ့အထိ၊ ညနေ ၃ နာရီမှ ၆ နာရီအတွင်း ကျိုက္ကဆံဘော့စ်ဘော ကစားကွင်းတွင် လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

"လူငယ်လူရွယ်များ အားကစားနည်း တစ်ခုခုဖြင့်ထိတွေ့ခွင့်ရရှိရန်၊ ကိုယ်လက်လှုပ်ရှား အားကစား၏ ကောင်းကျိုးရလဒ်များကို ခံစားနိုင်စေရန်၊ အမိန့်နာခံတတ်မှု၊ စည်းကမ်းရှိမှု၊ အတွေးအခေါ်၊ စာရိတ္တနှင့် စိတ်ဓာတ်များ တိုးတက်မြင့်တင်နိုင်ရန်၊ အဖွဲ့အစည်းအတွင်း ပေါင်းသင်း ဆက်ဆံတတ်မှုများ ဖြစ်ထွန်းစေရန်" ဖြစ်ကြောင်း ကလပ်အသင်းဥက္ကဋ္ဌ ဦးကျော်ဆန်းလှိုင်က ဆိုထားသည်။

တစ်ဆက်တည်းမှာပင် အသင်းဥက္ကဋ္ဌက **"မိခင်ဘာသာစကားတစ်ခုအပြင် အခြားဘာသာစကားတစ်ခုကို ထိတွေ့ လေ့လာခွင့်ရရှိစေရန် နွေရာသီအတွင်း ဂျပန်ဘာသာစကား (အခြေခံ)ကို တစ်ပတ်လျှင် သုံးရက် အခမဲ့ သင်ကြားပေးလျက်ရှိကြောင်း၊ မိမိတို့ ကလပ်အသင်းသို့ ဂျပန်နိုင်ငံသားနည်းပြများ ရောက်ရှိလာသည့်အခါ သင်ယူမှုအပိုင်းများတွင် ပိုမိုထိရောက်မြန်ဆန်စေရန်လဲ ဖြစ်ကြောင်း"** ပြောကြားသည်။

ထို့အတူ အမြဲတမ်းလေ့ကျင့်မှုမှသည် ပြိုင်ပွဲပုံစံတိုးတက်ထိတွေ့မှု ရရှိစေရန်၊ သင်ကြားမှုနှင့် ယှဉ်ပြိုင်မှု လိုက်လျောညီထွေရှိစေရန် ယခုမတ်လကုန်တွင်ကလပ်အသင်းအောက်၌ အသင်းအဖွဲ့ လေးဖွဲ့ ဖွဲ့စည်း၍ တစ်သင်းတွင်မန်နေဂျာ၊ နည်းပြ တစ်ဦးစီနှင့် အားကစားသမား ၁၈ ဦးတို့ဖြင့် ပန်းကမ္ဘာဖလားပြိုင်ပွဲကို ကျင်းပပေးခဲ့ကြောင်းလည်း သိရသည်။

ရှေ့ဆက် လုပ်ဆောင်မည့် စီမံကိန်းများနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံဘော့စ်ဘောအဖွဲ့ချုပ်အဖွဲ့ဝင်အသင်းဥက္ကဋ္ဌ ဦးကျော်ဆန်းလှိုင်အားမေးမြန်းကြည့်ရာ **"ရှေ့စီမံကိန်းများအဖြစ် ယခုနှစ်တွင် အသက် ၁၅နှစ်အောက် လူငယ်လက်ရွေးစင်အဖွဲ့ ဖွဲ့စည်း၍ အဖွဲ့ချုပ်ဖလားပြိုင်ပွဲအတွက် အခြားကလပ်မှ လူငယ်အသင်းများနှင့် ယှဉ်ပြိုင်သွားရန်၊ နယ်နှင့် ရန်ကုန်တွင် အခြေခံသင်တန်းများ ဖွင့်လှစ်သွားရန် ဖြစ်ပြီး ၂၀၀၉ခုနှစ်တွင် အဆင့်မြင့်နည်းပြများကိုခေါ်ယူ၍ ထိရောက်စွာ သင်ကြားပေးပြီး အသင်းများဖွဲ့၍ အမှတ်ပေးဆုဖလား ပြိုင်ပွဲကျင်းပရန်၊ ပြည်ပနိုင်ငံများမှ လူငယ်အသင်းများနှင့် ချစ်ကြည်ရေးဖိတ်ခေါ်ကစားသွားရန် တို့ပဲဖြစ်ပါတယ်။ ၂၀၁၀ ပြည့်နှစ်မှာတော့ အခြေခံပညာအထက်တန်းအောင်ပြီး အလားအလာကောင်းတဲ့ ကစားသမားများကိုရွေးထုတ်ပြီး လက်ထောက် နည်းပြများအဖြစ် ပြည်နယ်နှင့်တိုင်းများတွင် ဘော့စ်ဘောအားကစားနည်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် သင်တန်းများ ဖွင့်လှစ်ရန်၊ ပြည်ပချစ်ကြည်ရေးပွဲများ သွားရောက် ကစားနိုင်ရန်ဖြစ်ပြီး ၂၀၁၁ခုနှစ်မှာတော့ နိုင်ငံ့လက်ရွေးစင်အဖြစ် ရွေးချယ်ခွင့်ရရှိရေးတို့ပဲ ဖြစ်ပါတယ်"** ဟု ပြောကြားခဲ့သည်။

Dream 24 ဘော့စ်ဘောကလပ်အသင်း မှန်ကင်းပရဟိတ သာကေတမှ မျိုးဆက်သစ်လူငယ်ကစားသမားလေးများ။

Dream 24 ဘော့စ်ဘောကလပ်၏ ရည်မှန်းချက်နှင့် ဆောင်ရွက်မှုများက စနစ်တကျရှိလှပေသည်။ မြန်မာ့အားကစား ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာန အသင်းများနှင့် ပုဂ္ဂလိက ကလပ်အသင်းများ ဟန်ချက်ညီညီ ဖြစ်ထွန်းပေါ်ပေါက်ရေးက အရေးပါလှရာ ပုဂ္ဂလိက ကလပ်အသင်းများ ရေရှည်တည်တံ့ အောင်မြင်ရေးအတွက် အားလုံးက ဝိုင်းဝန်းကြိုးစားကြရန် လိုအပ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

မျိုးဆက်သစ် လူငယ်များ

Dream 24 ဘော့စ်ဘော ကလပ်အသင်း တောင်ဥက္ကလာပ (၉) ရပ်ကွက်မှ လူငယ်အားကစား သမားများ။

မြန်မာ့အလင်း လိုတိုရှင်းသတင်းများ

ကျုံမငေးမြို့ ဂုဏဝိသိဋ္ဌ ပူဇာသဘင်

ဧရာဝတီတိုင်း ဝါးခယ်မမြို့နယ် ကျုံမငေးမြို့ မြမာလာ(၅)လမ်း ရန်ကုန်ကျောင်းတိုက် မြို့နယ်ဘုန်းကြီးကျောင်း ပညာသင်ကြားမှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ မမ္မာစရိယ ဘဒ္ဒန္တအာသဘ ဆရာတော်ကြီးအား ပူဇော်ပွဲကို ၁၃၆၉ခုနှစ် တပေါင်းလပြည့်ကျော် ၁၃၊ ၁၄၊၁၅ရက်များတွင် ကျုံမငေးမြို့၌ ကျင်းပကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

ဟုမ္မလင်းမြို့နယ် စုဋ္ဌဘွဲ့နှင်းသဘင်ကျင်းပ

ဟုမ္မလင်းမြို့နယ် စုဋ္ဌဘွဲ့နှင်းသဘင်အခမ်းအနားကို မတ် ၂၇ ရက် နံနက် ၉ နာရီက ပရိယတ္တိစာသင်တိုက်၌ကျင်းပရာ မြို့နယ်သံဃနာယကဆရာတော်များနှင့် စာအောင်သံဃာတော် ၁၃ပါးတို့အား လှူဖွယ်ဝတ္ထုနှင့် အောင်လက်မှတ်များ ဆက်ကပ်လှူဒါန်းကြပြီး မြို့နယ်သံဃနာယကဆရာတော် ဘဒ္ဒန္တသုမနထံမှ အနုမောဒနာတရား နာယူကြောင်း သိရသည်။ (က-ပ)

မိုးမောက်မြို့နယ်၌ ကွန်ကရစ်တံတားဆောက်လုပ်

မိုးမောက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၇-၂၀၀၈ ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းများအား အရှိန်အဟုန်ဖြင့် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ မတ် ၃ ရက်က တာဝန်ခံအင်ဂျင်နီယာ ဦးနူးဆောင် ဦးဆောင်သောဝန်ထမ်းများ မိုးမောက်မြို့ ခါနန်ရပ်ကွက် ကုံ့ကော်လမ်းပေါ်ရှိ ကွန်ကရစ်တံတား ဆောက်လုပ်နေမှုအခြေအနေကို အမှုဆောင်အရာရှိ ဦးတင်မောင်ထွေးက အနီးကပ်ကြီးကြပ်ပေးကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

မြဝတီမြို့နယ်တွင် လမ်းဖွင့်ပွဲများကျင်းပ

မြဝတီမြို့နယ် အမှတ်(၄)ရပ်ကွက်တွင် ကိုယ့်အားကိုယ်ကိုး မဟော်သဓာလမ်း၊ သုမာလာလမ်းနှင့် သောင်ရင်းလမ်း ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၁ရက်က အဆိုပါလမ်းမုခ်ဦးများ၌ ကျင်းပသည်။ အဆိုပါလမ်းများအား စည်ပင်သာယာရေးအဖွဲ့မှ ထည့်ဝင်ငွေနှင့် ပြည်သူမှထည့်ဝင်ငွေဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

ချင်းပြည်နယ် ဖလမ်းမြို့နယ်၌ မီးဘေးကြိုတင်ကာကွယ်

ဖလမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ရပ်ကွက်အတွင်း မီးဘေးလုံခြုံရေးအတွက် ကြိုတင်ပြင်ဆင် လေ့ကျင့်ဆောင်ရွက်လျက်ရှိရာ စည်ပင်ဈေးအတွင်းအပြင် ဈေးဆိုင်များတွင် မီးချိတ်၊ မီးကတ်၊ ရေပုံးနှင့်ရေအိတ်များ ချိတ်ဆွဲထားခြင်း ရှိ မရှိနှင့် မီးသတ်ကားတစ်စီးဖြင့် ဇာတ်တိုက်လေ့ကျင့်မှုများကို အမှုဆောင်အရာရှိ ဦးဆောင်မှုဖြင့် အရန်မီးသတ်တပ်ဖွဲ့မှူးနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက မတ် ၁၇ ရက်တွင် လေ့ကျင့်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

ခင်ဦးမြို့နယ်၌ မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

ခင်ဦးမြို့ အောင်ချမ်းသာရပ်ကွက် မြို့မဈေး မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းနှင့် သရုပ်ပြခြင်းကို မတ် ၂၉ ရက် နံနက် ၉ နာရီက ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကျော်ဌေး၊ စခန်းမှူး ဦးသန်းဦး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးချစ်ငွေ၊ မြို့ပေါ်လေးရပ်ကွက်မှ ဥက္ကဋ္ဌများ၊ မြို့နယ်မီးသတ်စခန်းမှူး ဦးညိုဝင်းနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ကြပြီး မြို့ပေါ်လေးရပ်ကွက်ကို လှည့်လည်၍ မီးဘေးကြိုတင်ကာကွယ်ရေး သတိပေးလှုံ့ဆော်ခြင်းများဆောင်ရွက်ကြောင်း သိရသည်။ (က-ပ)

ပဲခူး၌ အခြေခံယဉ်ကျေးမှု သင်တန်းဖွင့်

ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသည့် ဒုတိယအကြိမ် အခြေခံယဉ်ကျေးမှု သင်တန်းဖွင့်ပွဲကို မတ်၂၄ရက် နံနက်၉နာရီက မြို့တွင်းကြီး အခြေခံပညာမူလတန်းလွန်ကျောင်း၌ ကျင်းပရာ ပဲခူးမြို့ ဓမ္မဇျူဟာဥပဋ္ဌာမ္မက အဖွဲ့ခေါင်းဆောင် ဒေါ်ကြူကြူနှင့် အဖွဲ့ဝင်များက သင်တန်းပို့ချကြပြီး သင်တန်းသို့ ပဲခူးမြို့ပေါ် အထက်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများ တက်ရောက် သင်ယူကြကြောင်း သိရသည်။ (ဝ၆၈)

ခရိုင်နှင့်မြို့နယ် ပြန်/ဆက်ဦးစီးရုံးများ ရွှေဘို၌ လုပ်ငန်းညှိနှိုင်း

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စစ်ကိုင်းတိုင်း ရွှေဘိုခရိုင်နှင့် မြို့နယ်ရုံးများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ် ၃၁ရက် မွန်းလွဲ ၁နာရီက ခရိုင်ဦးစီးအရာရှိရုံးခန်း၌ကျင်းပရာ ခရိုင်ဦးစီးအရာရှိ ဦးမျိုးဝေက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ၂၀၀၈-၂၀၀၉ လုပ်ငန်းတာဝန် (၁၁)ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး၊ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် မြို့နယ်ကော်မရှင်အဖွဲ့ဝင်များအဖြစ် ဆောင်ရွက်ရေးတို့ကို ရှင်းလင်းဆွေးနွေးကြသည်။ (ခရိုင် ပြန်/ ဆက်)

စာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မြဲရေး ပြင်ဦးလွင်၌ ဆွေးနွေး

ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစန်သွင်နှင့် တာဝန်ရှိသူများသည် မတ် ၁၈ရက် နံနက်က မြို့နယ်အတွင်းရှိ ပန်းယျကျေးရွာအုပ်စု၊ ကွေ့တောကျေးရွာအုပ်စု၊ ကျောက်စရစ်တောင် ကျေးရွာအုပ်စု၊ ကျောက်စရစ်မြောက် ကျေးရွာအုပ်စုများသို့ ကွင်းဆင်းပြီး ကျေးရွာစာကြည့်တိုက် ကော်မတီဝင်များ၊ ကျေးရွာဥက္ကဋ္ဌများနှင့်တွေ့ဆုံကာ စာကြည့်တိုက်အဆောက်အအုံများ ဆောက်လုပ်ပြီးစီးမှုနှင့် ဆောက်လုပ်ဆဲ စာကြည့်တိုက်များ အမြန်အပြီးသတ်ရေးနှင့် စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေး ဆွေးနွေးကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

နောင်ချို၌ အိမ်သွယ်ရေတိုင်များ သွယ်တန်း

နောင်ချိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ သန့်ရှင်းသော သောက်သုံးရေရရှိရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ မြို့ပေါ်ရပ်ကွက်များရှိ ရေသွယ်ယူလိုသည့် နေအိမ်များ အိမ်သွယ်ရေတိုင် သွယ်တန်းပေးမှုကို မတ် ၂ ရက်က အမှုဆောင်အရာရှိ ဦးမျိုးမြင့်အောင် ကြီးကြပ်ခဲ့ကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

ပန်းပိတောက်တွေရွှေရည်လူးသည့် တန်ခူးလသို့ရောက်ခဲ့ပြီ ယဉ်ကျေးစွာ ဆင်ယင်နွှဲ၊ နှစ်ကူးအတာသင်္ကြန်ပွဲ

သင်္ကြန်အကြိုမြင်ကွင်း - မိုးမြင့်လင်းလက် စုစည်းသည်၊ ဓာတ်ပုံမှတ်တမ်း-တင်စိုး(မြန်မာ့အလင်း)၊ စာမျက်နှာဖွဲ့စည်းမှု-ကြည်ဝင်း

ရန်ကုန် ဧပြီ ၁၀

"ပိတောက်တွေရွှေရည်လူး ဖူးပွင့်စပြုပြီ၊ လတန်ခူး နှစ်ဦးသင်္ကြန်ပွဲ နွှဲကြတော့မည်" ဆိုသည့် စကားအတိုင်း နှစ်ဦးတန်ခူးလ၏ သင်္ကြန်ကာလသို့ ရောက်ခဲ့ပေပြီ။ အဟောင်းအဟောင်းတို့ကုန်ဆုံးခဲ့သလို အသစ်အသစ်တွေ ဝေစည်ဖြစ်ပေါ်လာစမြဲပင်။

နှစ်ဟောင်းကုန်ဆုံးပြီး နှစ်သစ်ကူးပြောင်းမှုကို သင်္ကြန်ဟုခေါ်လေသည်။ သင်္ကြန်မှာ သင်္ကြန်ကျခြင်း၊ နှစ်သစ်သို့ ကူးပြောင်းခြင်းဟု အဓိပ္ပာယ်ရရှိသည် ဖြစ်ရာ နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းရာတွင် မြန်မာတို့၏ ရိုးရာ

အလှနှင့် အက ပညာ

မြန်မာ့ရိုးရာ မဟာ သင်္ကြန်ပွဲတော်နှင့် ယိမ်းအဖွဲ့များ၏ အလှနှင့် အက ပညာဒကို ဤသို့ တွေ့နိုင်သည်။

ဓလေ့အရ ရေသဘင်ဆင်နွှဲကာ အေးအေးချမ်းချမ်း ကူးပြောင်းကြလေသည်။

အခါသမယ

နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းရာ အခါသမယတွင် မြန်မာတို့၏ တစ်ဦးနှင့် တစ်ဦး ရေပက်ဖျန်းခြင်း၊ ဘုရားကျောင်းကန် စေတီပုထိုးများအား ရေဆေးကြော သပ္ပာယ်ခြင်းများ၊ ဘုရားကျောင်းကန်များသို့သွားရောက်ကာ ဥပုသ်သီတင်းသီလဆောက်တည်ခြင်း၊ အလှူဒါနပြုခြင်းများဖြင့် စိတ်အေးချမ်းသာစွာ ကုသိုလ်ကောင်းမှုများ ပြုလုပ်ကြသည့် အစဉ်အလာရှိခဲ့သည်။

ယခုနှစ် သင်္ကြန်ပွဲတော်ကာလကား ဧပြီ ၁၂ရက်မှ ၁၆ရက်အထိဖြစ်သည်။ နှစ်ဦးသင်္ကြန်ပွဲတော်ကာလ အားလပ်ရက်အဖြစ် နိုင်ငံတော်ကလည်း တရားဝင်ရုံးပိတ်ရက် ၁၀ရက်ကို ၂၀၀၇ခုနှစ်က စတင်သတ်မှတ်ပေးထားခဲ့ရာ တိုင်းရင်းသား ပြည်သူအပေါင်း သင်္ကြန်ပွဲတော်ကာလအတွင်း ရေသဘင်ဆင်နွှဲမှု၊ ကုသိုလ်ကောင်းမှု ပြုလုပ်မှုနှင့် တရားဘာဝနာ ကျင့်ကြံအားထုတ်မှုများကို စိတ်လက်ချမ်းသာစွာ အားထုတ် ဆောင်ရွက်နိုင်ကြမည် ဖြစ်သည်။

ယခုနှစ် သင်္ကြန်ပွဲတော်ကာလအတွင်း ပြည်သူများ ခရီးသွားလာရေး အဆင်ပြေစေရန် ရန်ကုန်မြို့၌ မြို့ပတ်ရထားများကို လိုအပ်ပါက ရထားစင်းရေ ထပ်မံတိုးချဲ့ ပြေးဆွဲသွားရန်စီစဉ်ထားပြီး ခရီးသည်တင် မော်တော်ယာဉ်များကိုလည်း ယာဉ်လိုင်းအလိုက် ပြေးဆွဲမှုအခေါက်ရေလည်း ထပ်မံတိုးချဲ့ပေးသွားရန် စီစဉ်ထားသည်။ မြို့ပတ်ရထား ဈေးနှုန်းများမှာလည်း ယခင်နှုန်းထားအတိုင်းသာ မြန်မာ့မီးရထားက သတ်မှတ်ထားသည်။ ထို့အတူ ရန်ကုန်-မန္တလေး-ရန်ကုန်-နေပြည်တော်ပျဉ်းမနား အထူးရထားများ ပြေးဆွဲမည်ဖြစ်သည်။

ပြောင်းလဲခြင်းမရှိ

ထို့အတူ ပြည်တွင်း ရေကြောင်းပို့ဆောင်ရေးအနေဖြင့်လည်း သင်္ကြန်ပွဲတော်ကာလအတွင်း ခရီးသွားပြည်သူများ အဆင်ပြေစေရန် လက်ရှိပြေးဆွဲပေးနေသော သင်္ဘောလိုင်းများ၊ ကူးတို့ယာဉ်များကို ရပ်နားခြင်းမရှိ ပြေးဆွဲပေးသွားမည်ဖြစ်သည်။ လိုအပ်ပါက သင်္ဘောစင်းရေများ ထပ်မံတိုးချဲ့ ပြေးဆွဲပေးသွားမည်ဖြစ်ပြီး စီးနင်းခနှုန်းထားမှာလည်း ယခင်အတိုင်း ပြောင်းလဲခြင်းမရှိကြောင်း သိရသည်။

ယာယီရေသွယ်ခွင့်

သင်္ကြန်ပွဲတော် ရက်များအတွင်း ရန်ကုန်မြို့၌ ရေပက်ကစားနိုင်ရန် ယာယီရေသွယ်ခွင့်များကို ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီသို့ သင်္ကြန်ပွဲတော်ရက်များ အတွင်း၌လည်း လျှောက်ထားနိုင်ပြီး သင်္ကြန်ရက်များတွင် တစ်ရက် နှစ်ရက်သာ ရေပက်ကစားမည့်သူများအတွက် ယာယီရေသွယ်ခွင့်ကို မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူးရုံးများ၌ သင်္ကြန်ကာလအတွင်း လျှောက်ထားကာ အသုံးပြုနိုင်ကြရေး စီစဉ်ပေးထားသည်။ ထိုသို့ ယာယီရေသွယ်ခွင့်ကို ဧပြီ ၁၁ရက်မှ စတင်ဆောင်ရွက်ပေးပြီး ဧပြီ ၁၆ရက်အထိ သုံးစွဲခွင့်ပြုမည်ဟု သိရသည်။

တပ်ဆင်ထား

ထို့အတူ သင်္ကြန်ပွဲတော်ကာလအတွင်း ယာဉ်မတော်တဆဖြစ်ရပ်များ မဖြစ်ပွားစေရန် ယာဉ်စည်းကမ်း ဖောက်ဖျက်မှုများကို စောင့်ကြည့်နိုင်ရေးအတွက် စီစီတီဗွီကင်မရာများနှင့် Red Light ကင်မရာများကို ရန်ကုန်မြို့ရှိ နေရာပေါင်း ၁၀နေရာ၌ တပ်ဆင်ထားမည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ခြင်းမှာ မော်တော်ယာဉ်မတော်တဆမှုကြောင့် သေဆုံး ထိခိုက်ဒဏ်ရာရမှုများ မဖြစ်ပွားစေရန်နှင့် စည်းကမ်းတကျ အန္တရာယ်ကင်းစွာ ပျော်ပျော်ရွှင်ရွှင် ရေကစားနိုင်ကြစေရန် ဖြစ်သည်။

ထိန်းသိမ်းပေးအပ်

ယခုနှစ် သင်္ကြန်ပွဲတော်ကာလအတွင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေး တာဝန်ကျ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များကလည်း နေ့စဉ် တာဝန်ယူစောင့်ကြပ်ထိန်းသိမ်းပေးသွားမည်ဖြစ်ရာ ယာဉ်မတော်တဆဖြစ်ရပ်များ လျော့ကျသွားစေရန် စီစဉ်ထားခြင်းဖြစ်သည်။

မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကာလအတွင်း သင်္ကြန်ပွဲ ပါဝင်ဆင်နွှဲကြသည့် ပြည်သူများအား ယိမ်းအဖွဲ့များက ဤသို့ မြူးမြူးကြွကြွ အက၊ အလှများဖြင့် ဖျော်ဖြေလေ့ရှိကြသည်။

သင်္ကြန်ပွဲတော်ကာလအတွင်း ယာဉ်မတော်တဆဖြစ်ခြင်း၊ စက်ချွတ်ယွင်းခြင်းတို့ကြောင့် ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ပေါ်လျှင် အမြန်ဖယ်ရှားပေးနိုင်ရေး ကားဆွဲကရိန်းကားများကို ရေပက်ခံ မော်တော်ယာဉ်များ၊ မော်တော်ယာဉ်သွားလာမှုများပြားသော နေရာများ၌ ထားရှိပေးထားမည်ဟု သိရသည်။

ရန်ကုန်မြို့ရှိ တန်ခိုးကြီးဘုရားများတွင် သင်္ကြန်ပွဲတော်ကာလနှင့် နှစ်သစ်ကူး

လူမှုဝန်ထမ်းဦးစီးဌာန အလုံ မူလတန်းကြိုကျောင်း အမှတ်(၄)မှ ဧကရီစံယိမ်းအဖွဲ့က ၁၃၆၉ ခုနှစ် မဟာသင်္ကြန်တွင် ဖျော်ဖြေရန် ဤသို့ လေ့ကျင့်ခဲ့ကြသည်။

နှစ်ဆန်းတစ်ရက်၌ ကောင်းမှုကုသိုလ် အလှူဒါနပွဲများကို နှစ်စဉ်မပျက် အစဉ်အလာအတိုင်း ကျင်းပကြမည် ဖြစ်သည်။ ရွှေတိဂုံစေတီတော်တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော နှစ်ဆန်း တစ်ရက်နေ့၌ နှစ်သစ်မင်္ဂလာ အခါတော်နေ့ အခမ်းအနားကို ကျင်းပမည်ဖြစ်ပြီး ကမ္ဘာအေးစေတီ၊ ဆူးလေစေတီ၊ ဗိုလ်တထောင်စေတီ၊ မဟာဝိဇယစေတီတော်နှင့် ကျိုက်ဝိုင်းစေတီများ၌လည်း ကုသိုလ်ကောင်းမှု အလှူဒါနပွဲများ စည်ကားသိုက်မြိုက်စွာ ကျင်းပကြမည်ဟု သိရသည်။

ဇီဝိတဒါန

ပြည်သူများအနေဖြင့် စေတီတော်များတွင် စေတနာ ဒါနပြုလုပ်လိုလျှင် သက်ဆိုင်ရာ စေတီတော်ဂေါပကများနှင့် ဆက်သွယ်ကာ စိတ်တိုင်းကျ ဆောင်ရွက်နိုင်ရန် စီစဉ်ပေးမည်ဖြစ်သည်။ သင်္ကြန်ပွဲတော် ကာလအတွင်း ဇီဝိတဒါန ငါးလွှတ်ခြင်း၊ ငှက်လွှတ်ခြင်းများကိုလည်း သတ်မှတ်နေရာများ၌ ပြည်သူများ လွတ်လပ်စွာ ကောင်းမှု ကုသိုလ်ပြုနိုင်ရန် စီစဉ်ပေးထားမည်ဖြစ်ရာ စိတ်ချမ်းမြေ့စွာ ဆောင်ရွက်နိုင်ကြမည် ဖြစ်သည်။

သင်္ကြန်မဏ္ဍပ်များ

ရန်ကုန်မြို့တွင် သင်္ကြန်မဏ္ဍပ်များ တည်ဆောက်ပြီး တည်ဆောက်ဆဲဖြစ်ရာ ယခင်နှစ်ကထက် သင်္ကြန်မဏ္ဍပ် အရေအတွက် ပိုများပြားကြောင်း တွေ့ရသည်။ ရန်ကုန်-အင်းစိန် လမ်းမ၊ ပြည်လမ်းတစ်လျှောက် အင်းလျားကန်ရှေ့နှင့် အင်းလျားလမ်းတို့တွင် သင်္ကြန်မဏ္ဍပ်များ တည်ဆောက်ထားပြီးဖြစ်ရာ တက္ကသိုလ်ရိပ်သာလမ်း၌ မဏ္ဍပ်ပေါင်း ၃၅ခုနှင့် အင်းလျားလမ်း၌ သင်္ကြန်မဏ္ဍပ် ၆၀ ခန့်ရှိမည်ဖြစ်ရာ အများဆုံးပင်ဖြစ်သည်။

ယခုနှစ် သင်္ကြန်ပွဲတော် ကာလအတွင်း ပြည်သူချစ် အနုပညာရှင်များ ရန်ကုန်ရေသဘင်ပွဲတော်၌ ပျော်ပျော်ပါးပါး ပါဝင်ဆင်နွှဲကြမည်ဖြစ်ရာ မဏ္ဍပ်တိုင်းတွင် အနုပညာရှင်များနှင့်အတူ ရေပက်ကစားနိုင်ကြမည် ဖြစ်သည်။ ထို့အတူ ဘုရင့်နောင် လမ်းမ၊ ကမ်းနားလမ်း၊ ကမ္ဘာအေးစေတီလမ်းနှင့် ဆရာစံလမ်းများတွင်လည်း သင်္ကြန်မဏ္ဍပ်များ ဆောက်လုပ်လျက်ရှိရာ ရေသဘင်ပွဲတော်၌ အားပါးတရဆင်နွှဲကြတော့မည် ဖြစ်သည်။

ရေသဘင်ပွဲဆင်နွှဲ

သင်္ကြန်ပွဲတော်ကာလအတွင်း မူးယစ်ရမ်းကားမှုများနှင့် ခိုက်ရန်ဖြစ်ပွားမှုများ မဖြစ်ပွားစေရန် သက်ဆိုင်ရာမှ အချိန်ပြည့် ဝိုင်းဝန်းကြပ်မတ် ဆောင်ရွက်ပေးသွားမည်ဖြစ်ရာ ပါဝင်ဆင်နွှဲသူများအနေဖြင့် စည်းကမ်းတကျဖြင့် ရေသဘင်ပွဲ ဆင်နွှဲကြခြင်းဖြင့် မြန်မာ့ရိုးရာ အတာသင်္ကြန် အကြို သတင်းမြင်ကွင်းအဖြစ် ဖော်ပြလိုက်ရပါကြောင်း။ ။

(မြန်မာ့အလင်း)

ရေပက်ခံ

၁၃၆၈ ခုနှစ် သင်္ကြန်အတက်နေ့က ရန်ကုန်မြို့ အင်းလျားလမ်းပေါ်၌ ရေပက်ခံသူများကို ဤသို့ များပြားစွာတွေ့ရသည်။

ယိမ်းအက

လူမှုဝန်ထမ်း ဦးစီးဌာန ကလေးပြုစုရေးဌာန ရွှေဂုံတိုင် မူကြိုကလေးငယ်များက ၁၃၆၉ ခုနှစ် မဟာသင်္ကြန်တွင် မူကြို ယိမ်းအက ပါဝင်ဖျော်ဖြေရန် ရှစ်ဦး ယိမ်းအကများဖြင့် ဤသို့ လေ့ကျင့်ကြသည်။

နိုင်ငံတစ်ဝန်း စာကြည့်တိုက် ဖွံ့ဖြိုးတိုးတက်မှုမှတ်တမ်း

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ အုတ်ဖိုစုရပ်ကွက် ဝိဇ္ဇာလမ်း မူလဟံသာဝတီ ကမ္မဋ္ဌာန်းကျောင်းတိုက်အတွင်း သာသနာ့ဝိပုလကာရီ သိမ်ကျောင်းဆောက်လုပ်နိုင်ရန်အတွက် မတည်အလှူရှင်များဖြစ်ကြသော ကချင်ပြည်နယ် ဖားကန့်မြို့နယ် အေးမြသာယာအုပ်စု ရှရော်ခရဝမ်ကုန်းရွာနေ ကိုစိုးခိုင်-မဖြူဖြူဝင်း၊ သမီး ခိုင်ငြိမ်းသွယ်၊ သား မောင်ရန်နိုင်စိုးမိသားစုနှင့် ကိုမြင့်ဝင်း-မအေးဆိုင်၊ သမီး မဖူးမြတ်ပွင့်၊ သား မောင်အောင်မင်းခန့်မိသားစုက မူလဟံသာဝတီကမ္မဋ္ဌာန်းကျောင်းတိုက်ဆရာတော် ဦးနန္ဒပါလ(ယော)ထံ အလှူငွေကျပ်တစ်သိန်းငါးသောင်း ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

နွေရာသီအားကစားသင်တန်း ဖြစ်မြောက်ရေး အလှူငွေများ ပေးအပ်လှူဒါန်း

ကျောက်မဲ ဧပြီ ၅

နွေရာသီအားကစားသင်တန်း ဖွင့်ပွဲအခမ်းအနားကို မတ် ၂၈ ရက် နံနက် ၉ နာရီက အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ပတ္တမြားခန်းမ၌ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဘဝင်းက အမှာစကားပြောကြားပြီး ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းဝင်းက သင်တန်းဖွင့်လှစ်ရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။

လှူဒါန်း

ထို့နောက် သင်တန်းဖြစ်မြောက်ရေးအတွက် ခရိုင်နှင့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက အလှူငွေကျပ် ၅၀၀၀၀၊ အမျိုးသမီးရေးရာအဖွဲ့က ငွေကျပ် ၂၀၀၀၀၊ အားကစားနှင့် ကာယပညာကော်မတီက ငွေကျပ် ၃၆၀၀၀ တို့ကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူကြသည်။

ဖွင့်လှစ်

အဆိုပါ သင်တန်းတွင် ဘောလုံး၊ ဘတ်စကက်ဘော၊ ရေကူး၊ မြန်မာ့သိုင်းနှင့် အေရိုးဗစ်အားကစားနည်းများကို သင်ကြားပေးသွားမည်ဖြစ်ပြီး ယင်းသင်တန်းကို ပညာရေး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့နှင့် အားကစားနှင့်ကာယပညာကော်မတီတို့ ပူးပေါင်းဖွင့်လှစ်ကြောင်း သိရသည်။ (က-ပ)

ဧပြီ ၅ရက်က ဝေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်အတွင်း ဝန်ထမ်းများစုပေါင်း၍ ပေါင်းမြက်ရှင်းလင်းခြင်းကို အမှုဆောင်အရာရှိ ဦးစောရွှေကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မင်္ဂလာဒုံမြို့နယ် ပြန်/ဆက် စာဖတ်ဝိုင်းဖွဲ့ ဆွေးနွေး

ရန်ကုန် ဧပြီ ၁၀

မင်္ဂလာဒုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကကြီးမှူး၍ စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး၊ စာဖတ်ဝိုင်း၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲနှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့်မူများ ရှင်းလင်းပွဲကို မတ် ၂၄ရက်က အမှတ်၂(က) စံပြရပ်ကွက် ဓမ္မာရုံ၌ကျင်းပရာ မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းလှက စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး၊ စာအုပ်စာစောင်များတိုးပွားရေး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အခြေခံမူနှင့် အသေးစိတ်အခြေခံရမည့်မူများအကြောင်း ရှင်းလင်းပြောကြားသည်။ (မြို့နယ် ပြန်/ဆက်)

ယင်းမာပင် ဘဝအလင်းရောင်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

ယင်းမာပင် ဧပြီ ၃

မုံရွာခရိုင် ယင်းမာပင်မြို့နယ် မင်းကံကြီးကျေးရွာ ရွှေမုဋ္ဌောကျောင်းတိုက်အတွင်း၌ မတ် ၁၄ ရက် နံနက် ၉ နာရီက ဆုထူးပန် ဘဝအလင်းရောင်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ကျင်းပသည်။

ရှေးဦးစွာ ဆုထူးပန်ကျောင်းတိုက် ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး မြို့နယ်ဥက္ကဋ္ဌ ဦးစိုးလှိုင်၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စိုးစိုးဝင်းနှင့် ဆုထူးပန်ကျောင်းတိုက်ဆရာတော်၏ တပည့်ဒါယကာ ဒါယိကာမများက စာကြည့်တိုက်အတွက် စာအုပ်များလှူဒါန်းကြသည်။

ထို့နောက် ရန်ကုန်မြို့ ဆုထူးပန်ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတသလ္လာအရှင်ပဏ္ဍိတ၊ မြို့နယ်ဥက္ကဋ္ဌ ဦးစိုးလှိုင်နှင့် မြို့နယ်ဦးစီးမှူး ဒေါ်စိုးစိုးဝင်းတို့က စာကြည့်တိုက်အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။**(အပေါ်ပုံ)** အဆိုပါဆုထူးပန် ဘဝအလင်းရောင် စာကြည့်တိုက်တွင် သုတ၊ ရသစာအုပ်မျိုးစုံ အုပ်ရေ ၃၂၉၀ ရှိကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့

ပဲခူးတိုင်း ညောင်လေးပင်မြို့နယ် စံဖဲကျေးရွာရှိ ကိုယ့်အားကိုယ်ကိုး ဒို့ရွှေစံစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၄ ရက်က အဆိုပါစာကြည့်တိုက်၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ဝင်းနှင့် မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာမြင့်သန်း၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုးပိုင်နှင့် ဒို့ရွှေစံစာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးတင်စန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ပုသိမ်ကြီးမြို့၌ စာဖတ်ဝိုင်း သုံးသပ်ဆွေးနွေး

ပုသိမ်ကြီး ဧပြီ ၂

မန္တလေးခရိုင် ပုသိမ်ကြီးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး မြို့နယ် စာကြည့်တိုက်၌ စာဖတ်ဝိုင်းကို ဖေဖော်ဝါရီ၁ရက် နံနက် ၁၀နာရီက ကျင်းပသည်။

စာဖတ်ဝိုင်းတွင် ဦးစီးမှူး ဒေါ်ခင်စိမ်းဝင်းက စာဖတ်ဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်နှင့် အမျိုးသားညီလာခံစုံညီအစည်းအဝေးက ချမှတ်သည့်အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများ အခန်း(၁)ကိုလည်းကောင်း၊ ချစ်နိုင်(စိတ်ပညာ)၏ ခေါင်းဆောင်သူ၏ လက္ခဏာများစာအုပ်မှ အမှောင်ပယ်ခွင်းပညာ့အလင်း ဆောင်းပါးကို ဒေါ်စုစုလှိုင်ကလည်းကောင်း၊ ဇန်နဝါရီ၁ရက်ထုတ် ဒို့ကျေးရွာဂျာနယ်အတွဲ(၅)၊ အမှတ်(၁)ပါ ထိန်းသိမ်းကာကွယ်ကြရမည် ဆောင်းပါးကို ဒေါ်ခင်နှင်းဆီကလည်းကောင်း ဖတ်ကြားကြပြီး ဝန်ထမ်းများအားလုံး သုံးသပ်ဆွေးနွေးကြသည်။ (မြို့နယ် ပြန်/ဆက်)

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် ဘောဇနဆောင်အတွက် ဆက်လက်လှူဒါန်း

ရန်ကုန် ဧပြီ ၁၀

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အမှတ် ၈၂ နတ်မောက်လမ်း မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်အတွင်း စုပေါင်းဆောင်ရွက်ဆောက်လုပ်လျက်ရှိသော လေးထပ်ဘောဇနဆောင်အတွက် ကိုခိုင်မင်းထွန်း-မသန္တာနွယ်မိသားစု မြို့သစ် ၂လမ်း ကျောက်မြောင်းက ငွေကျပ်တစ်သိန်း၊ ဒေါက်တာဦးခင်မောင်ကြီး-ဒေါက်တာဒေါ်သန်းသန်းအေးမိသားစုက ငွေကျပ်တစ်သိန်း၊ မန္တလေး ဒေါ်ခင်မေ အောင်တံခွန်သက်န်းတိုက် ၂၉လမ်း ရန်ကုန်က ငွေကျပ် သုံးသိန်း၊ မအေးအေးမော် လမ်း၂၀ လသာမြို့နယ်က ငွေကျပ်တစ်သိန်း၊ ဦးမျိုးအောင်-ဒေါ်ရင်ရင်ဦး မိသားစုက ငွေကျပ် တစ်သိန်းငါးသောင်း၊ မဌေးသုလွင်၊ (သား)ဇေယျာပြည့်ဖြိုး မင်္ဂလာဆင်မင်းအိမ်ရာ အလုံက ငွေကျပ် တစ်သိန်းခုနစ်သောင်း၊ ဦးလှသောင်း-ဒေါ်ညွန့်ရီ၊ သားသမီးမြေးတစ်စု မြောက်ဥက္ကလာပက ငွေကျပ်သုံးသိန်း၊ ဒေါက်တာသန်းထွဋ်-ဒေါ်ရင်ရင်မေမိသားစု ရွှေတောင်ကုန်းရိပ်သာက ငွေကျပ်တစ်သိန်း၊ ဦးဝင်းမြင့်ဦး-ဒေါ်ခင်ဆွေ လတ်မိသားစု အင်ကြင်းမြိုင်အိမ်ရာက ငွေကျပ်တစ်သိန်း လှူဒါန်းကြသည်။ စုပေါင်းဆောင်ရွက်လိုပါက ဖုန်း-၅၄၁၈၆၀သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (က-ပ)

သွေးကောင်းသွေးသန့်ရရှိရေး အသိပညာပေးဟောပြော

ဟားခါး ဧပြီ ၂

ဟားခါးမြို့နယ် ကျန်းမာရေးဦးစီးဌာနက ကျင်းပသည့် အိတ်ချ်အိုင်ဗွီပိုး ကင်းစင်သော သွေးကောင်းသွေးသန့်ရရှိရေးအသိပညာပေးဆွေးနွေးပွဲ အခမ်းအနားကို မတ် ၂၅ရက်က ဟားခါးမြို့ စွမ်းအားခန်းမ၌ ကျင်းပရာ မြို့နယ်ခုခံအားကျနှင့် ကာလသားရောဂါ တိုက်ဖျက်ရေးအဖွဲ့ ခေါင်းဆောင် ဒေါက်တာ ကျော်ဇေဝင့်က အိတ်ချ်အိုင်ဗွီပိုးကင်းစင်သော သွေးကောင်းသွေးသန့်အကြောင်းကို ဆွေးနွေးဟောပြောကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

လမ်းဘေးကတ်တုံးများ ပြုလုပ်ဆောင်ရွက်

မိုးညှင်း မတ် ၃၀

မိုးညှင်းခရိုင် မိုးညှင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ပြည်ထောင်စုလမ်းဘေးဝဲယာတစ်လျှောက် ကတ်တုံးများပြုလုပ်နေမှုကို မတ် ၆ ရက်က အမှုဆောင်အရာရှိ ဦးကျော်ဆန်းထွန်း ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

ပဲခူးတိုင်း အုတ်ဖိုမြို့နယ် ၂၀၀၇-၂၀၀၈ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သော ကျေးလက်ဒေသဖွံ့ဖြိုးရေး သစ်ဆိမ့်ကုန်းကျေးရွာနှင့် မယ်ဇလီကုန်းကျေးရွာသွား ဂဝံလမ်းဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၄ရက်က အဆိုပါ လမ်းထိပ်မုခ်ဦး၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်အေးနှင့် မယ်ဇလီတန်းကျေးရွာ လမ်းကော်မတီဥက္ကဋ္ဌ ဦးစိုးမင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (က-ပ)

မြိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ မြို့တွင်းလမ်းများ ကောင်းမွန်ရေးအတွက် စပါးရွှေဝါလမ်း လမ်းပေါက်များဖာထေးမှုကို မတ် ၂၅ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးဝင်း ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ဦးသာဆင်၊ ဒေါ်ဒေါ်သိန်းနှင့် ဗိုလ်မှူးစန်းကြည်တို့အားရည်စူး၍ ရန်ကုန်မြို့ ဖဆပလ ရပ်ကွက်တိုက် ၇ အခန်း ၁၁နေ ဒေါ်အမာရီမိသားစုက စစ်ကိုင်းတိုင်း ယင်းမာပင်မြို့ရွှေစေတီဘုရား ခဏ္ဍာသိမ်တော် အဝင်အဝ သံပန်းတံခါးမကြီးအတွက် အလှူငွေကျပ် ငါးသိန်းကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစိုးလှိုင်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

သာသနာဆိုင်ရာဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ ထပ်ဆင့်ဂုဏ်ပြုပူဇော်ပွဲ လှိုင်ကော်မြို့၌ကျင်းပ

လှိုင်ကော် ဧပြီ ၂

ကယားပြည်နယ် လှိုင်ကော်မြို့ သာသနာ့ဗိမာန်တော်ကြီးတွင် မတ်၂၄ရက်က ၂၀၀၈ခုနှစ် သာသနာဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား ထပ်ဆင့် ဂုဏ်ပြုပူဇော်ပွဲ အခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တဉာဏ ကယားပြည်နယ် လှိုင်ကော်မြို့ ကုန်းသာကျေးရွာ တောင်မော့သာသနာပြုဘုန်းတော်ကြီးသင် ပညာရေးကျောင်း ဆရာတော်အမှူးပြုသော ဆရာတော်၊သံဃာတော် အရှင်သူမြတ်များ ကြွရောက်တော်မူကြပြီး အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်သည်။

လျှောက်ထား

ထို့နောက် တောင်မော့ဆရာတော်ထံမှ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ညွန့်တင်၊ ဇနီး ဒေါ်တင်တင်ကြည်နှင့် ဧည့်ပရိသတ်အပေါင်းတို့က ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ ထို့နောက် ပြည်နယ်ဥက္ကဋ္ဌက သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ပြည်နယ်ဥက္ကဋ္ဌ၊ ဇနီးနှင့် တာဝန်ရှိသူများက တောင်မော့ဆရာတော်နှင့် ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများထံ ဘွဲ့တံဆိပ်တော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်ကြသည်။**(အပေါ်ပုံ)** **(ခရိုင် ပြန်/ဆက်)**

တီဘီရောဂါတိုက်ဖျက်ရေးနေ့ ပဲခူး၌ကျင်းပ

ပဲခူး ဧပြီ ၂

ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့ အခမ်းအနားကို မတ် ၂၄ ရက်က ပဲခူးတိုင်းတောင်ငူမြို့ ခပေါင်းခန်းမ၌ကျင်းပရာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်ကိုကိုက အဖွင့်အမှာ စကားပြောကြားပြီး ပဲခူးတိုင်း တိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာငွေစန်းက ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပါမောက္ခဒေါက်တာမြဦး၏ မိန့်ခွန်းကို ဖတ်ကြားသည်။ ထို့နောက် ပဲခူးတိုင်း တိုင်းတီဘီရောဂါတိုက်ဖျက်ရေးစီမံကိန်းမှ တိုင်းတီဘီ ဆရာဝန်ကြီး ဒေါက်တာသင်းသင်းရီက တီဘီရောဂါဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းပြောကြားပြီး တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက ထူးချွန်မြို့နယ် ငါးမြို့နယ်အား ဆုများချီးမြှင့်ပေးသည်။

ဆက်လက်၍ တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ပြခန်းများကို ကြည့်ရှုစစ်ဆေးကြသည်။ **(ဝ၆၃)**

ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် (၃၃)ရပ်ကွက် ရွှေဝါထွန်း ၁လမ်း အမှတ် ၁၈၀ နေ သား ဦးတင်အုန်းအား ရည်စူး၍ ဒေါ်ကြွက် မိသားစုက ကြေးပိဋကအဘိဓမ္မာ ပိဋကဝင်ပဋ္ဌာန်း ပါဠိတော် ကြေးပြားသုံးချပ်ကို ကြေးပိဋကတိုက်တော် ပြုလုပ်လှူဒါန်းရေး ဦးဆောင်ဆရာတော်ဘဒ္ဒန္တဉာဏ(အဓိုးရ မဓမ္မာစရိယအဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) ထံ ဆက်ကပ်လှူဒါန်းကြရာ ဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

ကော့သောင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ မြို့သန့်ရှင်းသပ်ရပ်သာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မတ် ၂၈ရက်က ကော့သောင်းမြို့ ဆိပ်ကမ်းသာပန်းခြံသာယာလှပရေးအတွက် ဒုတိယဦးစီးမှူး ဦးအောင်ကိုဝင်းနှင့် ဒုတိယဦးစီးမှူး ဦးအောင်စိုးဝင်းတို့ ဦးစီးပြီး မြေယာရှုခင်းအလှဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မီးဘေးလုံခြုံမှုရှိရေး ဆောင်ရွက်

မြစ်ကြီးနား ဧပြီ ၂

မြစ်ကြီးနား မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးများဖြစ်သော ခေတ်မီနှစ်ထပ်ဈေး၊ အမှတ် ၂ ဈေးနှင့် ရေစင်ကွင်းဈေးများ သန့်ရှင်းရေး၊ မီးဘေးလုံခြုံရေးအတွက် ဈေးတည်ခင်းရောင်းချမှု စည်းကမ်းတကျရှိစေရေး၊ ဈေးကြီးများအတွင်း ဈေးဆိုင်ခန်းများတွင် အမှိုက်ပုံးထားရှိသုံးစွဲရေးနှင့် မီးဘေးလုံခြုံမှုရှိစေရေးတို့အတွက် မတ်၁၀က မြို့နယ်မီးသတ်ဦးစီးမှူး ဦးမြင့်သိန်း၊ ဦးစီးအရာရှိ ဦးဌွန်စယ်၊ ဒုတိယဦးစီးမှူး(ဈေး) ဒေါ်ရွယ်ဂျာနှင့် ဝန်ထမ်းများ၊ ဈေးအကျိုးဆောင်အဖွဲ့များနှင့် ဈေးအရန်မီးသတ်တပ်ဖွဲ့များ ကွင်းဆင်းစစ်ဆေးကြသည်။ **(မြို့နယ်စည်ပင်)**

ရန်အောင်မြင်စေတီ ဗုဒ္ဓါဘိသေက အနေကဇာတင်

ကြို့ပင်ကောက် ဧပြီ ၆

ပဲခူးတိုင်း (အနောက်ပိုင်း) ကြို့ပင်ကောက်မြို့ ရုံးလမ်းနေ ဒေါ်အုံးရွှေမိသားစုက ကျစ္စာမင်းတရားကြီး တည်ထားတော်မူခဲ့သော ကြို့ပင်ကောက်မြို့နယ် အရှေ့ရိုးမတောင်ခြေရှိ သမိုင်းဝင် ရန်အောင်မြင်စေတီတော်မြတ်ကြီး လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူခြင်းနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် ရေစက်ချအခမ်းအနားကို ၁၃၆၉ခုနှစ်(တပေါင်းလပြည့်နေ့)ကကျင်းပရာ ကြို့ပင်ကောက်မြို့ ဇောတိသာသနာ့ရိပ်သာကျောင်းတိုက် ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ (ပြည်တွင်း/ပြည်ပ)သာသနာပြု ဆရာတော်ဘဒ္ဒန္တသောနက ရေစက်ချအနုမောဒနာတရား ဟောကြားတော်မူကြောင်းသိရသည်။ (ဝ၄၀)

ပစ္စည်းဝယ်ယူရန် ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	တင်ဒါခေါ်ရက်	တင်ဒါပိတ်ရက်
1.	Raw Materials For Refractory Brick	6 Items	9.4.2008	5.5.2008
2.	Extension of 9MVA Transformer(FE)	1 Set	9.4.2008	16.5.2008
3.	Air Quenching Cooler Exhaust Fan	1 Set	9.4.2008	16.5.2008
4.	Slurry Valves And Accessories	11Items	9.4.2008	16.5.2008
5.	Conveyor Chain	5 Items	9.4.2008	16.5.2008
6.	Flexible Gas Tube With Flange	2 Sets	9.4.2008	16.5.2008
7.	Kiln Supporting With Shaft	2 Sets	9.4.2008	16.5.2008
8.	Trunnion Journal For Raw Mill(FE)	1 No	9.4.2008	16.5.2008
9.	Head Cover For Raw Mill(FE)	1No	9.4.2008	16.5.2008
10.	Girth Gear And Drive Pinion For Cement Mill(FE)	1 Set	9.4.2008	16.5.2008
11.	Dump Truck 25 Tons(FE)	1 Unit	9.4.2008	16.5.2008
12.	Dump Truck 10 Tons(FE)	1 Unit	9.4.2008	16.5.2008
13.	Forklift (TCM)3.5 Tons (FE/Ks)	1 Unit	9.4.2008	16.5.2008
14.	15 Tons Ore Car	10 Items	9.4.2008	16.5.2008
15.	Cable Wire And Accessories	8 Items	9.4.2008	16.5.2008
16.	Unit Cooler For Quality Control Room	1 Unit	9.4.2008	16.5.2008
17.	3 Phase Induction Motor For Air Separator	1 Unit	9.4.2008	16.5.2008
18.	Magnetic Brake Assembly With Power Module	2 Items	9.4.2008	16.5.2008
19.	Electrical Instrument Accessories (FE/ks)	1 Unit	9.4.2008	16.5.2008
20.	6.6 KV Vacuum Circuit Breaker	1 Set	9.4.2008	16.5.2008
21.	Spare Parts For Heavy Equipment	14 Items	9.4.2008	16.5.2008
22.	Spare Parts For Production M/C	3 Sets	9.4.2008	16.5.2008

အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့ကြွေထည်မြေထည်လုပ်ငန်းရောင်းဝယ်ရေးဌာန ရုံးအမှတ်(၄၁)နေပြည်တော်တွင် ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းပြီး တင်ဒါများလာရောက်ဝယ်ယူနိုင်ပါသည်။ တင်ဒါပုံစံတရားဝင်ဝယ်ယူထားသူများထံမှ တင်ဒါကို သာလက်ခံပါမည်။ (အသေးစိတ်သိလိုပါက စုံစမ်းရန် ဖုန်း-၀၆၇-၄၀၈၂၉၈)

မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း။

(၂၅)နှစ်မြောက် ငွေရတုမင်္ဂလာဆုမွန်လွှာ

ချစ်ဖေဖေ ဒုတိယဗိုလ်မှူးကြီးစန်းလွင်(ငြိမ်း) (မြန်မာ့မီးရထား)-ချစ်မေမေ ဒေါ်မြတ်မြတ်သန်းတို့၏ ၁၁-၄-၂၀၀၈ ရက်တွင် ကျရောက်သော (၂၅)နှစ်ပြည့် ငွေရတုမင်္ဂလာရက်မြတ်မှသည် ဘဝသက်ဆုံးတိုင် ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာစွာဖြင့် ချစ်သမီးများနှင့်အတူ လောကီ၊ လောကုတ္တရာ နှစ်ဖြာကောင်းကျိုး သယ်ပိုးသွားနိုင်ကြပါစေကြောင်း....

ချစ်သမီးကြီး - မြတ်မဍ္ဍူ(အိချို)
အလုပ်သင်ဆရာဝန်၊ မန္တလေးပြည်သူ့ဆေးရုံကြီး
ချစ်သမီးငယ် - အေးမြတ်သူ(အိဖြူ)
နောက်ဆုံးနှစ်၊ အပိုင်း(ခ)၊ ဆေးတက္ကသိုလ်(မန္တလေး)။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် - စက/၂၂၉၈ လုံစင်း ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဦးမိုးဆန်းဦး မှတ်ပုံတင်အမှတ် ၅/စကန(နိုင်) ၁၅၉၆၃၂ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) အမှုပြီး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန ခရိုင်ရုံး၊ (စစ်ကိုင်းမြို့)။**

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက် ၇၈၊ မြေကွက်အမှတ် ၄၈၊ မြေကွက်တည်နေရာ ၅၆၃ စံရိပ်ငြိမ် (၁)လမ်း၊ ၂ ရပ်ကွက် ကမာရွတ်မြို့နယ် (၁) ဗိုလ်မှူးခင်မြင့် (၂)ဒေါ်သင်းသင်း (၃) မောင်တင်ဦး (၄)မောင်ထိန်ဝင်းနှင့် (၅) မောင်ထိန်လင်းအမည်ပေါက် မြေပိုင်မြေအား အမည်ပေါက် ဖခင်ဖြစ်သူ ဗိုလ်မှူးခင်မြင့်သည် ၁၇-၁-၁၉၇၄ရက်တွင်လည်းကောင်း၊ မိခင်ဒေါ်သင်းသင်းသည် ၂၅-၁-၁၉၈၉ရက်တွင် လည်းကောင်း၊ ညီ/အစ်ကို မောင်ထိန်ဝင်းသည် ၂၆-၈-၁၉၉၈ ရက်တွင် လည်းကောင်း အသီးသီးကွယ်လွန်သဖြင့် ဦးတင်ဦး ၁၂/ကမရ (နိုင်) ၀၃၇၉၀၆နှင့် ဦးထိန်လင်း ၁၂/ဒဂန(နိုင်) ၀၀၉၆၇၁ တို့က သား၊ ညီ၊ အစ်ကိုတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ကတိသစ္စာပြုလွှာတင်ပြ၍ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ။

ကန့်ကွက်နိုင်ပါသည် ယာဉ်အမှတ်ယ/၈၂၀၉၉ယာဉ်လက်ဝယ်ရှိသူ ဦးသောင်းဝင်း မှတ်ပုံတင်အမှတ် ၁၁/အမန(နိုင်)၀၀၁၈၄၈က(ကမ-၃) ပျောက်မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း ကညန၊ ခရိုင်ရုံး(မင်းဘူး)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန၊ခရိုင်ရုံး(မင်းဘူး)။**

မီးသတိပြု

- မျိုးချစ်စိတ်ဓာတ် ထက်သန်သူတိုင်း . .
- လုံးဝလွတ်လပ်ရေးကို မြတ်နိုးသူတိုင်း . .
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို လိုလားသူတိုင်း . .
- နယ်ချဲ့စွက်ဖက်မှုနှင့် နယ်ချဲ့သြဇာခံအဖြစ်ကို မလိုလားသူတိုင်း . .
- နယ်ချဲ့ကြိုးဆွဲရာကမည့် ရုပ်သေးအစိုးရ ပေါ်ပေါက်လာမည်ကို လက်မခံနိုင်သူတိုင်း . .

ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို တစ်ခဲနက် ထောက်ခံမဲပေးကြစို့။

- နစ်ဦးမင်္ဂလာ သည်အတာ ရိုးရာသင်္ကြန် ပျော်စရာ။
- ပျော်ရွှင်ချိန်မှာ ပြည်သူအများ အကြမ်းဖက်သမား သတိထား။ ပြည်သူ့အားနဲ့ ဝိုင်းဖယ်ရှား။

- မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

- ဒို့အနာဂတ် ဒို့ဖန်တီးဖို့ အခြေခံဥပဒေအတည်ပြုစို့။

မဲဆန္ဒရှင်များ လာရောက်မဲပေးသည့်အခါ လွယ်လွယ်ကူကူဖြင့် စိတ်ချမ်းမြေ့စွာ မဲပေးနိုင်ရေး ကော်မရှင်အဆင့်ဆင့်တို့၌ တာဝန်ရှိ

ရှေ့ဖုံးမှ

မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ၊ လမ်းညွှန်စာအုပ်များနှင့် ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများအတွက် လုပ်ငန်းလမ်းညွှန်စာအုပ်များ စသည့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဆိုင်ရာ စာအုပ်များကိုလည်း နိုင်ငံနှင့်အဝန်း ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေထားပြီးဖြစ်ကြောင်း၊ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ဥပဒေနှင့် နည်းဥပဒေများကိုလည်း ပြည်နယ်၊ တိုင်း ကော်မရှင်အဖွဲ့ခွဲများက ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်/ကျေးရွာကော်မရှင် အဖွဲ့ခွဲများအထိ ဆင့်ကဲဆင့်ကဲ ရှင်းလင်းဆွေးနွေးပြီးဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် နေပြည်တော် ပျဉ်းမနားခရိုင်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးခင်မောင်ဇော်က နေပြည်တော် ပျဉ်းမနားခရိုင်နှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲများ ဖွဲ့စည်းပြီးစီးမှု၊ အထောက်အကူပြုကော်မရှင် အဖွဲ့ခွဲရုံးများ ဖွင့်လှစ်ထားရှိမှု၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ စာရင်း၊ မဲစာရင်းကောက်ယူပြီးစီးမှု၊ ဆန္ဒမဲပေးမည့် မဲရုံများ ပြင်ဆင်ထားမှု၊ မဲပုံးလိုအပ်ချက် တွက်ချက်ထားရှိမှု၊ မဲရုံမှူးများ၊ မဲရုံအဖွဲ့ဝင်များ တာဝန်ပေးစုစည်းပြင်ဆင်မှု၊ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်ကပေးပို့သော စာအုပ်များ၊ လုပ်ငန်းလမ်းညွှန်စာအုပ်များ၊ စာရွက်စာတမ်းပုံစံများ၊ ကြိုတင်ဆန္ဒမဲလက်မှတ်နှင့် ဆန္ဒမဲလက်မှတ်များ လက်ခံရရှိမှုနှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်သို့ ဖြန့်ဝေပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် ဦးအေးမောင်နှင့် ဒေါက်တာထွန်းရှင်တို့က ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ဆွေးနွေးမှာကြားကြသည်။

ထို့နောက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ ဦးအောင်တိုးက နိဂုံးချုပ်အမှာစကား ပြောကြားကာ တွေ့ဆုံပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

အခမ်းအနားအပြီးတွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် နေပြည်တော်ပျဉ်းမနားခရိုင်အတွင်းရှိ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တို့မှ အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

ယင်းနောက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် နေပြည်တော် ပျဉ်းမနား ဇေယျာသိဒ္ဓိရပ်ကွက် မဲရုံအမှတ်(၁)၌ မဲဆန္ဒရှင်များ အဆင်ပြေချောမွေ့စွာ ဆန္ဒမဲပေးနိုင်ရေးအတွက် မဲရုံတည်ဆောက်ပြသထားမှု၊ မဲစာရင်းများကြေညာထားမှု၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း(၂၀၀၈) အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေ၊ နည်းဥပဒေ စာအုပ်များနှင့် လမ်းညွှန်စာအုပ်များ ခင်းကျင်းပြသထားမှုနှင့် မဲပုံးစစ်ဆေးခြင်း၊ ဆန္ဒမဲလက်မှတ်ထုတ်ယူ၍ ဆန္ဒမဲပေးခြင်း၊ မဲရုံပိတ်သိမ်းခြင်း၊ ဆန္ဒမဲရေတွက်ခြင်း စသည့် ဆန္ဒမဲပေးမှုသရုပ်ပြခြင်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး နံနက် ၁၀ နာရီခွဲတွင် ပြန်လည်ထွက်ခွာသွားသည်။

ကချင်ပြည်နယ်

အလားတူ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ဝင်နှင့် ကချင်ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများတွေ့ဆုံပွဲကို နံနက် ၇ နာရီတွင် မြစ်ကြီးနားမြို့ရှိ မြို့တော်ခန်းမ၌ ကျင်းပရာ သဘာပတိ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ဝင် ဒေါက်တာတင်အောင်အေးက အမှာစကားပြောကြားသည်။

ထို့နောက် ကချင်ပြည်နယ် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမောင်မောင်ဝင်းက ကချင်ပြည်နယ်အတွင်း မဲရုံ၊ မဲပုံးများ ကြိုတင်ဆောင်ရွက်ပြီးစီးမှုအခြေအနေများကိုလည်းကောင်း၊ ခရိုင်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများက ပြည်လုံးကျွတ်ဆန္ဒခံယူပွဲနှင့်စပ်လျဉ်းသည့် လုပ်ငန်းဆိုင်ရာများကိုလည်းကောင်း ဆွေးနွေးတင်ပြကြပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ဝင် ဒေါက်တာတင်အောင်အေးနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဝင်များသည် မြစ်ကြီးနားမြို့ ရှမ်းစု(မြောက်) ရပ်ကွက် ဓမ္မာရုံရှိ မဲရုံသို့သွားရောက်ကြပြီး ဆန္ဒမဲပေးမှု သရုပ်ပြခြင်းကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

မွန်ပြည်နယ်

ထို့အတူ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ဝင်များနှင့် မွန်ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲဝင်များ တွေ့ဆုံပွဲကို နံနက် ၈ နာရီတွင် မွန်ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ အစည်းအဝေးခန်းမ၌ ကျင်းပရာ သဘာပတိ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင်အဖွဲ့ဝင် ဦးအောင်မြို့က အမှာစကားပြောကြားသည်။

ဆွေးနွေးတင်ပြ

ထို့နောက် မွန်ပြည်နယ် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌက ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဝင်များ၊ မဲရုံမှူးများနှင့် မဲရုံအဖွဲ့ဝင်များ၏ လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ကော်မရှင်အဖွဲ့ခွဲဝင်များက လုပ်ငန်းဆိုင်ရာများနှင့် ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြကြကာ တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။

စာမျက်နှာ ၃ ကော်လံ ၁ *